မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၃၉)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ မြန်မာ့စက်မှုထုတ်ကုန်ပြပွဲတွင် စက်မှုထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် အရောင်းဆိုင်ခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၆

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ *စာမျက်နှာ ၆ ကော်လံ ၁* ■

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက် မကွေးလှမြင့်
စာမျက်နှာဖွဲ့စည်းမှု
ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဆောင်းနှောင်းကာလ၏ နှင်းမှုန်ကလေးများသည် ဧရာဝတီမြစ်ပြင်ထက်ဝယ် ဝေ့ဝဲနေဆဲ…။ အနောက်ရိုးမ၏ တောင်စွယ်ထွတ်ပေါ်တွင် မြူနှင်းများအုံ့ဆိုင်း မှိုင်းပျနေသည်။ မိမိရောက်ရှိနေသောနေရာသည် မကွေးတိုင်း ချောက်မြို့ အနော်ရထာတံတားတည်ရှိရာ ဆောက်လုပ်ရေးရှင်းလင်းဆောင်၏ ဝရန်တာတွင်ဖြစ်သည်။ ချောက်မြို့နှင့် ဆိပ်ဖြူမြို့တို့ကို ယှက်နွယ်ထားသော အနော်ရထာတံတားကြီးမှာ မြူနှင်းတို့အကြား ခံ့ညားတည်ငြိမ်လျက် နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုကို ဖော်ညွှန်းပြသလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီလက်တွဲပါဝင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကယားပြည်နယ်သို့ရောက်ရှိခဲ့ပြီး လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ပြည်နယ်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ဖေဖော်ဝါရီ ၉ရက်နေ့ နံနက်က တွေ့ဆုံဆွေးနွေးမှာကြားခဲ့ပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ကယားပြည်နယ်သို့ ခံ့ညားထည်ဝါသော တက္ကသိုလ်ကြီးတစ်ခုကို ဖွင့်လှစ်ပေးရန်၊ ပြည်နယ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မြို့နယ်အလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ရောက်ရှိခဲ့သည်။

ကယားပြည်နယ်သည် အကျယ်အဝန်းအားဖြင့် သေးငယ်ပြီး လူဦးရေနည်းသော်လည်း တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါသည့် ပြည်နယ်တစ်ခု ဖြစ်ပေသည်။

တပ်မတော်အစိုးရလက်ထက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ကို အခြားဒေသများနည်းတူ ဖွံ့ဖြိုးမှု နောက်ကျမကျန်ရစ်စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှုအပိုင်းတွင် အောင်ပန်း-လွိုင်ကော်ရထားလမ်းကို ဖောက်လုပ်ပေးခဲ့ခြင်းဖြင့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းတို့သို့ အလွယ်တကူ ကူးလူးယှက်သွယ် သွားလာနိုင်ကြပြီ ဖြစ်သည်။

ပညာရေးကဏ္ဍတွင် အဆင့်မြင့်တက္ကသိုလ်ပညာများကို မိမိဒေသအတွင်း လက်လှမ်းတမီ သင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနေကြပြီဖြစ်ရာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့ကို ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အထောက်အကူပေးနိုင်ရန် လွိုင်ကော်မြို့ရှိ ခုတင်၁၅၀ဆံ့ ဆေးရုံကို ခုတင်၂၀၀ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး အထူးကုဆရာဝန်ကြီးများ ဖြည့်တင်းပေးခဲ့သည်။

ကယားပြည်နယ်အတွင်း စိုက်ပျိုးမြေ ၃၇၈၁၃၆ ဧက တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး အဓိကသီးနှံအဖြစ် စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် နွေစပါး၊ မိုးစပါး စိုက်ပျိုးသဖြင့် ကယားပြည်နယ်သည် ဆန်စားသုံးမှု ဖူလုံပိုလျှံသော ပြည်နယ်ဖြစ်လာခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အနာဂတ်နိုင်ငံတော်အတွက် ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် ထောက်ခံအတည်ပြုပြီးဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများက အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းပါဝင် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၂-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**အနုသောတသုတ္တန် တရားတော်** (အောင်စကြာ ဆရာတော်အရှင်စန္ဒသိရီ)
၈:၀၅-၂:၀၅	ချမ်းမြေ့ပျော်ရွှင် နှန်းမြင့်မျှော်စင်
၈:၂၅-၂:၂၅	Soccer Update
၈:၄၀-၂:၄၀	နိုင်ငံတကာ အနုပညာရေးရာ
၉:၀၀-၃:၀၀	Activities in the City (သုဝဏ္ဏ အထက အာစရိယပူဇော်ပွဲ)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀-၃:၃၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ရှော့ရှိတဲ့အချစ်များ** ကန်တော့ပွဲပေးအခမ်းအနား
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	Biz Net
၁၀:၀၀-၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅-၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀-၄:၁၀	Living On Water
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	Yangon Panorama (ဂျပန်-မဲခေါင်ဖလှယ်ရေးနှစ် အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားနှင့် ဂီတပညာရှင်တို့၏ ဖျော်ဖြေပွဲ)
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ
၁၁:၅၀-၅:၅၀	MEGA STAR TALK (ဇော်ဝင်းထွဋ်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၃)
၁၂:၂၀-၆:၂၀	မြန်ပြည်တွင် ဆီရေချိုးလို့ သည်ဆွေမျိုးတို့ ချမ်းမြေ့ဖို့
၁၂:၄၅-၆:၄၅	အလှဆင်စရာ ပရိဘောဂကမ္ဘာ (Ocean Glory Modern Furniture)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Arsenal-Cardiff City	Star Sports (Live)

မြဝတီရုပ်မြင်သံကြား

၁၆-၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅	၅။	မျိုးချစ်တပ်မတော်
၄:၃၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄:၄၀	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅:၁၅	၉။	၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ(ဇီဝဗေဒ)
၅:၂၀	၁၀။	ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင်
၅:၄၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၅။	သွက်လက်လှုပ်ရှားကစားစို့လား
၆:၄၅	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅၃)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း -၂၆)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀) သီရိလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက်က အဆိုပါလမ်းသစ်ဖွင့်ပွဲမှခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမင်းမင်းဇော်နှင့် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူ၌ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေး

ကန့်ဘလူ ဖေဖော်ဝါရီ ၁၅

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အမှာစကားပြောကြားပြီး ကန့်ဘလူမြို့နယ်အတွင်းပါဝင်သည့် အမှတ်(၃) ခရိုင်ချင်းဆက်လမ်း၊ ကန့်ဘလူ-ကောလင်း မြို့နယ်ချင်းဆက်လမ်း ရာသီမရွေး ဆက်သွယ်အသုံးပြုနိုင်ရေး၊ နွေစပါး၊ နှမ်းနှင့် စီမံကိန်းသီးနှံများ အောင်မြင်ရေးဆောင်ရွက်ရန်၊ စိုက်ပျိုးရေး ချေးငွေများကောက်ခံရရှိရေး၊ စိမ်းလန်းစိုပြည်ရေး၊ မီးဘေးကြိုတင်တားဆီးကာကွယ်ရေး၊ ကန့်ဘလူ အင်ကြင်းဥယျာဉ်နှင့်ပြတိုက် စိမ်းလန်းစိုပြည်ရေး ဘက်စုံမွမ်းမံရန် ညှိနှိုင်းဆွေးနွေးကြသည်။ (ဝ၂၇)

အထက(၁)တာမွေတွင် ၁၉၉၄ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၅၅)နှစ်ပြည့် ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ပင်လုံခန်းမ၌ ကျင်းပရာ အသက် ၉၃နှစ်ရှိ ဆရာမကြီး ဒေါ်လှတင်အား ကျောင်းသူဟောင်းတစ်ဦးက ထောက်ပံ့ငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (၁၇၁)

ပဲခူးမြစ်ကူး သန်လျင်-သာကေတ ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ချိန် ရေကြောင်းလမ်း ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ပဲခူးမြစ်ကူး သန်လျင်-သာကေတ ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်း ကောင်းကင်ကြိုးဆွဲခြင်းလုပ်ငန်းကို ဒဂုံတံတားနှင့်သန်လျင်တံတားကြားတွင် ဖေဖော်ဝါရီ ၁၃ရက်မှ ၂၀ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆နာရီအထိ ဆောင်ရွက်လျက်ရှိသည်။

သတိပေးနှိုးဆော်

မဟာဓာတ်အားလိုင်း ကောင်းကင်ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း ရေကြောင်းအန္တရာယ်နှင့် အခြားမလိုလားအပ်သောအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ရေယာဉ်များ မဖြတ်သန်းရန် အဆိုပါရေလမ်းကြောင်းကို ခေတ္တပိတ်ထားမည်ဖြစ်သည်။ ထိုရေကြောင်းအတွင်းမှ ဖြတ်သန်းကြမည့်ရေယာဉ်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာ ရေကြောင်းတွင် စောင့်ဆိုင်းပြီး လုပ်ငန်းဆောင်ရွက်ပြီးချိန်မှ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စင်ကာပူ-မြန်မာ ဆရာဝန်ကြီးများ မန္တလေးမြို့၌ အခမဲ့ခွဲစိတ်ကုသပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

စင်ကာပူသမ္မတနိုင်ငံမှ ဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံ ဆရာဝန်ကြီးများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ရက်အထိ မန္တလေးမြို့၌ အခမဲ့ ကျန်းမာရေး စစ်ဆေးခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ခွဲစိတ်ကုသ

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆောင်တွင် ဆီးချို၊ နှလုံး၊ အရိုး၊ အထွေထွေခွဲစိတ်ကုသမှုများကို စင်ကာပူ-မြန်မာ အထူးကုဆရာဝန်ကြီးများက အခမဲ့ ခွဲစိတ်ကုသစစ်ဆေးပေးမည်ဖြစ်ပြီး ကျန်းမာရေး ပညာပေးပြခန်းများကိုလည်း ထည့်သွင်းပြသသွားမည် ဖြစ်သည်။

အခမဲ့စစ်ဆေး

ထို့ပြင် မျက်စိဝေဒနာရှင်များအား စင်ကာပူ-မြန်မာ မျက်စိအထူးကုဆရာဝန်ကြီးများက ၂၃လမ်းရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ အခမဲ့ စစ်ဆေးကုသပေးမည် ဖြစ်သည်။

ကျန်းမာရေး စစ်ဆေးကုသလိုသော ဝေဒနာရှင်များအနေဖြင့် သက်ဆိုင်ရာ ဆေးရုံကြီးများ၌ ဖေဖော်ဝါရီ ၁၇ရက်မှစ၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ်
တပို့တွဲလပြည့်ကျော် ၇ရက်
(အဖိတ်နေ့)
၁၆-၂-၂၀၀၉ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အတီးပြိုင်ပွဲ
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၇။ မီးမီးရဲ့ဆုံးဖြတ်ချက် နေအောင်၊ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် (ဒါရိုက်တာ-အောင်မိုး)(ပဲရစ်)
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၄:၃၀ ၄။ မြန်မာစာ၊ မြန်မာစကား
- ၄:၄၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း)
- ၄:၅၀ ၆။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(ဇီဝဗေဒဘာသာရပ်)
- ၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၀ ၈။ တေးဂီတအစီအစဉ်
- ၅:၃၀ ၉။ ပန်းပေါင်းစုံရာမြေ
- ၅:၄၅ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသ အခြေအနေ
- ၆:၃၅ ၁၃။ ဆိုကြမယ်၊ပျော်ကြမယ်
- ၇:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ** (အပိုင်း-၁၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၂၇)

ညှိုခံပွဲ

ဖေဖော်ဝါရီ ၁၅ရက်က ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေး ကော်မရှင် ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့တက်ရောက်လာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Kim Sok Chol ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❑ ကျော့ဖုံးမှ

အာရုံစူးစိုက်မှု

ထိုသို့ စိတ်ကျရောဂါခံစားရမှုမှာ ဦးနှောက်ပိုင်းဆိုင်ရာ နာ့ဗ်ကြောများနှင့် စိတ်အာရုံစူးစိုက်မှု သာမန်ထက် ပိုမိုအားထုတ်ရသဖြင့် စိတ်ကျရောဂါဖြစ်ပွားရန် အခွင့်အလမ်းပိုများခြင်းဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးတွင် ညအပူချိန် ၃ ဒီဂရီစင်တီဂရိတ်ရှိပြီး ပင်လောင်း၌ ၅ ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၆ရက် (ယနေ့) ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည် ဖြစ်သည်။

ဖေဖော်ဝါရီ ၁၆ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

တိမ်အသင့်အတင့်

ဖေဖော်ဝါရီ ၁၅ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့၌ ၅ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

သာယာနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ကျေးလက် ရေပေးရေး ကွင်းဆင်းဆောင်ရွက်

ရွှေကူ ဖေဖော်ဝါရီ ၁၅

ရွှေကူမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် ကျေးလက်ရေပေးရေး (၁၀)နှစ် စီမံချက်နှင့်အညီ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော စီသာ ကျေးရွာအုပ်စု တာလီကျေးရွာ ရေစက်ရုံ ရေကန်တည်ဆောက်နေမှုကို ဇန်နဝါရီ ၄ရက်တွင် အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းကျော်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

❖ ကျော့ဖုံးမှ

ဖြန့်ဖြူး

ကောက်ရိုးများကို ဖြတ်တောက်ပြီး သံမဏိစည်ကြီးများတွင်ထည့်ကာ ဇီဝဓာတ်ငွေ့ထွက်ရှိစေပြီး ယင်းဇီဝဓာတ်ငွေ့အားဖြင့် ဂျင်နရေတာများကို လည်စေကာ နေအိမ်သုံးလျှပ်စစ်မီးများ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများကို ဓာတ်အားဖြန့်ဖြူးခြင်းပင် ဖြစ်သည်။

ကောက်ရိုး တန်ချိန်သုံးတန်သည် အိမ် ၁၅၀ရှိသော ကျေးရွာတစ်ရွာအား နာရီ အတန်ကြာ ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ကြောင်း သိရသည်။

ထုတ်လွှတ်မှု

ယခုကဲ့သို့ ကောက်ရိုးမှ ဓာတ်အားထုတ်ယူခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုလျော့နည်းစေသည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှုလည်း နည်းပါးကြောင်း သုတေသနပညာရှင် ဒေါက်တာမိုက်ကယ်စတယ်လာက ပြောကြားသည်။

အထိုက်အလျောက်

ထို့အပြင် အခြားနည်းလမ်းများဖြစ်သော ပြောင်းဖူးနှင့် အခြားသီးနှံများမှ ဓာတ်အားထုတ်ယူခြင်းသည် စားနပ်ရိက္ခာဖူလုံမှုကို အထိုက်အလျောက် ထိခိုက်စေသော်လည်း ကောက်ရိုးမှ ဓာတ်အားထုတ်ယူခြင်းမှာ စားနပ်ရိက္ခာဖူလုံမှုကို မည်သို့မျှ ထိခိုက်စေမည်မဟုတ်ကြောင်း သိရသည်။

ဖြည့်ဆည်းနိုင်မည်

ကောက်ရိုးနှင့် အခြားကောက်ပဲသီးနှံ ပင်စည်များမှ ဓာတ်အားအပြည့်အဝ ထုတ်ယူနိုင်ပါက ကမ္ဘာ့ဓာတ်အားလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ***(အင်တာနက်)***

အင်းစိန်မြို့နယ်တွင် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် ည ၇နာရီက အထက(၁) ကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယုနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲသို့ အင်းစိန်မြို့အတွင်းရှိ ရပ်ကွက်ပေါင်းစုံမှ အမျိုးသား ၁၂ဦး၊ အမျိုးသမီး ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း အင်တာနက် သဘာဝဘေး ဖောင်ပိတ်သတင်း

တောင်ကိုရီးယား ပန်ဂျူမြို့၌ မြေပြိုမှုဖြစ်ပွား သုံးဦးသေဆုံး ခုနစ်ဦးဒဏ်ရာရရှိ

ဆိုးလ် ဖေဖော်ဝါရီ ၁၅

တောင်ကိုရီးယားနိုင်ငံ ပန်ဂျူမြို့တွင် ဖေဖော်ဝါရီ ၁၅ရက်က မြေပြိုမှုဖြစ်ပွားရာ သုံးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တောင်ကိုရီးယား ရဲတပ်ဖွဲ့က ပြောကြားသည်။

ရုတ်တရက်

မြေပြိုမှုဖြစ်ပွားရခြင်းမှာ ဆိုးလ်မြို့တောင်ဘက် ပန်ဂျူမြို့ရှိဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ အထပ်မြင့်အဆောက်အအုံတစ်ခု တည်ဆောက်နေစဉ် ရုတ်တရက် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံး ဒဏ်ရာရရှိသူများမှာ အလုပ်သမားများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုးသက်လေပြင်းများတိုက်ခတ်မှု ဘရာဇီး၌လေယာဉ်ပျက်ကျပြီး ၂၄ဦး သေဆုံး

ဆော်ပေါ်လို ဖေဖော်ဝါရီ ၁၅

ဘရာဇီးနိုင်ငံတွင် ဖေဖော်ဝါရီ ၁၅ရက်က ကိုရီမြို့မှ ပျံသန်းလာသော လေယာဉ်တစ်စင်း ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ရာ ၂၄ဦး သေဆုံးခဲ့ကြောင်း ဘရာဇီးနိုင်ငံ လေကြောင်းဆိုင်ရာ အရာရှိများက ပြောကြားသည်။

ပြောကြား

အဆိုပါလေယာဉ်သည် ကိုရာရီမြို့မှ မာနာအပ်စ်မြို့သို့ ပျံသန်းလာစဉ် လမ်းခရီး၌ မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပေါ် ပါရှိသူများ တစ်ဦးမျှ အသက်မရှင်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ယခုနှစ်အတွင်း ကမ္ဘာလှည့် ၁၁သမ ၈သန်း လာရောက်ရေး လာအို၌ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

ဗီယန်ကျင်း ဖေဖော်ဝါရီ ၁၅

ကမ္ဘာနှင့်အဝန်း စီးပွားရေးအကျပ်အတည်း အခြေအနေများကြားမှပင် လာအိုနိုင်ငံအနေဖြင့် ပြည်ပခရီးသွား လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၁၁သမ၈သန်းရောက်ရှိရန် မျှော်မှန်းထားပြီး အမေရိကန်ဒေါ်လာ သန်း၂၇၀ရရှိနိုင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၃ရက်က နေ့စဉ်ထုတ်သတင်းစာ၌ ဖော်ပြသည်။

မျှော်မှန်းထား

ပြီးခဲ့သည့်နှစ်က ကမ္ဘာလှည့်ခရီးသည် ၁၁သမ၆သန်းရောက်ရှိခဲ့ရာမှ ယခုနှစ်တွင် ယခင်နှစ်ကထက် ၁၀ရာခိုင်နှုန်း တိုးမြှင့်ရောက်ရှိရန် မျှော်မှန်းထားရှိသည်။

ဦးစားပေး

၎င်းနိုင်ငံသည် ပြည်ပခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသများနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်စေရေး ကိုလည်း ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

လာအိုနိုင်ငံသို့ အရှေ့တောင်အာရှနိုင်ငံများအနက် ထိုင်းနိုင်ငံမှခရီးသည် ၇၀ရာခိုင်နှုန်းခန့် လာရောက်ပြီး အမေရိကန်၊ ဂျပန်၊ သြစတြေးလျနှင့် ဥရောပနိုင်ငံများမှလည်း လာရောက်လည်ပတ်လျက်ရှိသည်။ **အမ်အင်န်အေဆင်ဟွာ**

တောမီးလောင်

တရုတ်နိုင်ငံ အရှေ့ပိုင်း ဖူကျန်းပြည်နယ်ရှိ ဖူကျို့မြို့မှ ကီလိုမီတာ ၂၇၀ အကွာ၌ တောမီးလောင်ကျွမ်းနေသည်ကို ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ဖူကျို့မြို့၌ တောမီးလောင်ကျွမ်း နာရီ ၄၀ကျော်ကြာ ငြိမ်းသတ်ခဲ့ရ

ဖူကျို့ ဖေဖော်ဝါရီ ၁၅

တရုတ်နိုင်ငံ အရှေ့ပိုင်း ဖူကျန်ပြည်နယ် ဖူကျို့မြို့မှ ကီလိုမီတာ ၂၇၀အကွာ၌ ဖေဖော်ဝါရီ ၁၃ရက် နံနက်ပိုင်းက တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ နာရီ ၄၀ကျော်ကြာ ငြိမ်းသတ်ခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ငြိမ်းသတ်နိုင်

၎င်းတောမီးလောင်ကျွမ်းချိန်၌ လေပြင်းများတိုက်ခတ်လျက်ရှိရာ သစ်တောမြေ ၁၃၃ဧကပျက်စီးခဲ့ကြောင်း၊ အဆိုပါနေရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၃၀၀၀ကျော်တို့ စုပေါင်းမီးငြိမ်းသတ်ခဲ့ရာမှ ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။

စုံစမ်းစစ်ဆေး

ယင်းဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးမျှမရှိဘဲ ဒေသဆိုင်ရာရုံးအဖွဲ့မှ နေထိုင်သူအချို့ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ အဆိုပါဖြစ်ရပ်ကြောင့် မီးရထား ခရီးစဉ်များနှင့် အဝေးပြေးလမ်းများ ခေတ္တရပ်ဆိုင်းထားရပြီး သက်ဆိုင်ရာမှ မည်သို့ဖြစ်ရသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(အင်တာနက်)



အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘူဘာနီစဝါမြို့မှ အရှေ့ဘက် ၇၅မိုင်အကွာ ဂျက်ပါ ဘူတာရုံအနီးတွင် ခရီးသည်တင်ရထားတစ်စင်း လမ်းချော်တိမ်းမှောက်သည့်နေရာ၌ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိန္ဒိယ၌ ရထားလမ်းချော်တိမ်းမှောက် ၁၅ဦးသေဆုံး၊ ၁၀၀ကျော် ဒဏ်ရာရရှိ

နယူးဒေလီ ဖေဖော်ဝါရီ ၁၅

အိန္ဒိယနိုင်ငံအရှေ့ပိုင်း သြရိသပြည်နယ်တွင် ခရီးသည်တင် ရထားတစ်စင်း လမ်းချော်တိမ်းမှောက်သဖြင့် အနည်းဆုံး ၁၅ဦး သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပီတီအိုင်သတင်းဌာနက ဖေဖော်ဝါရီ ၁၄ရက်၌ ကြေညာသည်။

မျက်မြင်တွေ့ရှိ

ရထားလမ်းချော်စဉ် အရှိန်ပြင်းစွာ မောင်းနှင်သဖြင့် အချို့ရထားတွဲများမှာ ဆိုးဆိုးရွားရွား ကျိုးကြေကုန်ခြင်းဖြစ်သည်ဟု မျက်မြင် တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

အီရတ်မြောက်ပိုင်း၌ သူပုန် ၁၃ဦးသေဆုံး

အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၅

တူရကီတပ်များက အီရတ်နိုင်ငံ မြောက်ပိုင်းတွင် ပြီးခဲ့သည့်ရက်သတ္တပတ်က လေကြောင်းမှတိုက်ခိုက်စဉ် ပီကေကေ ကာ့ဒ်သူပုန် ၁၃ဦး သေဆုံးသွားကြောင်း တူရကီနိုင်ငံပိုင် အနာတိုလီယာ သတင်းဌာနက ဖေဖော်ဝါရီ ၁၃ရက်တွင် ကြေညာသည်။ သို့သော် ထိခိုက်သေဆုံးသူ ထိုမျှမများပြားဟု ကာ့ဒ်သူပုန် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တူရကီတပ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပီကေကေသူပုန်စစ်ဆင်ရေးများနှင့် သူပုန်တို့၏ ထောက်ပံ့ရေးစခန်း အကြီးအကျယ် ထိခိုက်ခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက ကြေညာသည်။

ပီကေကေသူပုန်ပြောရေးဆိုခွင့်ရှိသူ အာမက်ဒါနီးကမူ သူပုန်သုံးဦးသာ သေဆုံးကြောင်း ပြောကြားသည်။

အမ်အင်န်အေရိုက်တာ

အီရတ်နိုင်ငံ၌ ဗုံးခွဲတိုက်ခိုက်မှု ၃၂ဦးသေဆုံး၊ ၈၄ဦးဒဏ်ရာရရှိ

ကာဘာလာ ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ဆာဒါးဆင်ခြေဖုံးမှ ကာဘာလာမြို့သို့ နှစ်စဉ်ကျင်းပသော ရိုးရာပွဲတော်သို့ လာရောက်ကြသည့် ရှီးယိုက်ခရီးသည်များအား အမျိုးသမီးတစ်ဦးက ဖေဖော်ဝါရီ ၁၃ရက်တွင် အသေခံဗုံးခွဲတိုက်ခိုက်သဖြင့် ၃၂ဦး သေဆုံးပြီး ၈၄ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ဒဏ်ရာရရှိ

ကာဘာလာမြို့၌ နှစ်စဉ်ကျင်းပမြဲ ရိုးရာပွဲတော်ကျင်းပစဉ် ဗုံးခွဲနှောင့်ယှက်သည့်အတွက် ရှစ်ဦးသေဆုံးပြီး နောက်တစ်ရက်တွင် အထက်ပါအတိုင်း အသေခံဗုံးခွဲသဖြင့် ထပ်မံသေဆုံး၊ ဒဏ်ရာရရှိခဲ့ကြခြင်း ဖြစ်သည်။

ထိခိုက်ပျက်ပြား

ယင်းသို့ ဗုံးခွဲတိုက်ခိုက်ခြင်းဖြင့် မိမိတို့၏ ရိုးရာပွဲတော် ထိခိုက်ပျက်ပြားသွားမည်မဟုတ်ဟု ပွဲတော်လာသူအချို့က ပြောကြားသည်။

အမ်အင်န်အေရိုက်တာ

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာပွဲတော် ကျင်းပနေစဉ်အတွင်း အမျိုးသမီးတစ်ဦး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သော နေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆိုမာလီပင်လယ်ဓားပြပိုင် ရေယာဉ်သုံးစင်း ရုရှားရေတပ်က ဖမ်းဆီးမိ

မော်စကို ဖေဖော်ဝါရီ ၁၅

ရုရှားစစ်သင်္ဘောတစ်စင်းက ဆိုမာလီကမ်းလွန်ဒေသမှ ပင်လယ်ဓားပြ ၁၀ဦးအား ရေယာဉ်သုံးစင်းနှင့်အတူ ဖမ်းဆီးလိုက်ကြောင်း ရုရှားရေတပ်က ဖေဖော်ဝါရီ ၁၃ ရက်တွင် ကြေညာသည်။ ယင်းမှာ အဆိုပါ ရေကြောင်းသွားလာရေး ဒေသတွင်းသို့ နိုင်ငံခြားရေတပ်သင်္ဘောများ စေလွှတ်ထားမှု၏ ထိရောက်အရေးပါသည့် နောက်ဆုံးဖြစ်ရပ် လက္ခဏာတစ်ခုဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

လုံခြုံမှုပေး

ဆိုမာလီပင်လယ်ဓားပြများ ဆက်တိုက်သောင်းကျန်းလာမှုကြောင့် ဥရောပနှင့်အာရှတိုက်ကို ဆက်သွယ်သည့် ထိုကမ္ဘာ့အသွားအလာအများဆုံး ရေကြောင်းလမ်းကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံခြားရေတပ်သင်္ဘောများ သွားရောက်လုံခြုံမှုပေးရခြင်း ဖြစ်သည်။

ဖမ်းမိသော ဆိုမာလီပင်လယ်ဓားပြများ၏ ကံကြမ္မာကို ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် တရားရေးဝန်ကြီးဌာနတို့က ပူးတွဲဆုံးဖြတ်မည်ဖြစ်ကြောင်း ဖော်ပြသည်။ **အမ်အင်န်အေရိုက်တာ**

အာဖဂန်၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပြီးခဲ့သည့်နှစ်က ပြည်သူ ၅၀၀၀ကျော် သေဆုံးခဲ့ရ

ကဘူးလ် ဖေဖော်ဝါရီ ၁၅

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ရကြောင်း၊ ၎င်းပြည်နယ်သည် ယခင်က တာလီဘန်လက်နက်ကိုင်များ၏ အကြမ်းဖက်မှုအများဆုံးဖြစ်ပွားရာ နေရာဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ရက်တွင် ပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

သေဆုံး

အဆိုပါ ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၃ရက်ညပိုင်းက ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် အကြမ်းဖက်သမားများက အဝေးထိန်းစက်ဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ၎င်းတပ်ဖွဲ့ဝင်များသည် နေရာ၌ပင်ပွဲချင်းပြီး သေဆုံးခဲ့ရကြောင်း သတင်း၌ ဖော်ပြသည်။

ခန့်မှန်းထား

၂၀၀၈ခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ တာလီဘန်လက်နက်ကိုင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူ ၅၀၀၀ကျော် သေဆုံးခဲ့ရကြောင်း၊ ယခုနှစ်အတွင်း လက်နက်ကိုင်များ၏ တိုက်ခိုက်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

16-2 (04).pmd 1 2/15/2009, 11:46 PM

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

မော်တော်ကားကိုတီထွင်ခဲ့သူ ကားလ်ဖရီးရစ်ချ်ဘင့်ဇ်

၁၈၄၄-၁၉၂၉

ယနေ့ခေတ်လူသားတို့ ကုန်းလမ်းခရီးတွင် မိုင်ပေါင်းများစွာ ကွာဝေးသော နေရာဒေသများသို့ နေ့ချင်းညချင်း ခရီးပေါက်အောင် သွားလာနိုင်သော ကားအမျိုးမျိုးကို စီးနင်းနိုင်ရန် ပထမဦးဆုံး ကားကိုတီထွင်ခဲ့သူမှာ ကားလ်ဖရီးရစ်ချ် ဘင့်ဇ် ဆိုသူဖြစ်သည်။ (ဝဲပုံ)

ငယ်နာမည်

ကားလ်ဖရီးရစ်ချ်ဘင့်ဇ်ကို ၁၈၄၄ ခုနှစ် နိုဝင်ဘာ၂၅ရက်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့ ကားလ်စ်ရူဟီအရပ်တွင် မီးရထားစက်မောင်းဆရာ ဂျိုဟန်ဂျော့ချ် ဘင့်ဇ်နှင့် ဂျို့စ်ဖင်းဗေးလ်လန့်တ်တို့က မွေးဖွားခဲ့ပြီး ၎င်း၏ငယ်နာမည်မှာ ကားလ်ဖရီးရစ်ချ်မိုက်ကယ်ဗေးလ်လန့်တ် ဖြစ်သည်။

အံ့မခန်း

ဘင့်ဇ်နှစ်နှစ်သားအရွယ်တွင် ဖခင် ဂျိုဟန်ဂျော့ချ်ဘင့်ဇ်သည် ရထားမတော်တဆမှုကြောင့် သေဆုံးခဲ့ပြီးနောက် ဖခင်၏အမည်ကို ခံယူသည့်အနေဖြင့် ကားလ်ဖရီးရစ်ချ် ဘင့်ဇ်ဟု နာမည်ပြောင်းလဲ မှည့်ခေါ်ခဲ့သည်။ ဖခင်ဆုံးပါးပြီးနောက် ဆင်းရဲသည့်နီးပါး ဖြစ်သွားခဲ့သော်လည်း မိခင်ဖြစ်သူက ရုန်းကန်နေရသည့်ကြားထဲမှ ၎င်းအား ပညာရေးအမွေကောင်းကိုပေးခဲ့သည်။ ဘင့်ဇ်သည် ၎င်းနေထိုင်ရာ ကားလ်ရူဟီအရပ်ရှိ ဒေသတွင်း အင်္ဂလိပ် သဒ္ဒါကျောင်းတွင် တက်ရောက်ခဲ့ပြီး အရွယ်နှင့်မလိုက်အောင်ပင် အံ့မခန်းဖွယ်ရာ ပညာရေးလောဘကြီးသော ကျောင်းသားတစ်ဦး ဖြစ်လာခဲ့သည်။



၁၈၈၅ခုနှစ်တွင် ဘင့်ဇ် ရှေးဦးစွာ ထုတ်လုပ်ခဲ့သည့် ရှေးဦးဝက်ဂင် မော်တော်ကား။

ဆက်လက်ပညာဆည်းပူး

ဘင့်ဇ်သည် အသက်ကိုးနှစ်အရွယ် ၁၈၅၃ ခုနှစ်တွင် လိုက်ဇီယမ်အရှေ့တိုင်း သိပ္ပံပညာဌာန၌ သိပ္ပံပညာရပ်များကို စနစ်တကျလေ့လာသင်ယူနေပြီဖြစ်သည်။ ထို့နောက် သူသည် ပိုလီနည်းပညာတက္ကသိုလ်၌ ဆရာဖာဒီနန်ရက်တင်ဘာချာ၏ လေ့ကျင့်သင်ကြားမှုဖြင့် ဆက်လက်ပညာဆည်းပူးခဲ့သည်။

ဘွဲ့ရရှိခဲ့

မူလက ဘင့်ဇ်၏ မူလလေ့လာဆည်းပူးမှုမှာ သော့ပြင်အတတ်ပညာဖြစ်သည်။ နောက်ဆုံးတွင်မူ သူ့ဖခင်ခြေရာအတိုင်း မီးရထားအင်ဂျင်နီယာဘက်သို့ ဦးတည်လိုက်ပါသွားခဲ့သည်။ အသက် ၁၅နှစ်အရွယ် ၁၈၆၀ ပြည့်နှစ် စက်တင်ဘာ ၃၀ရက်တွင် ဘင့်ဇ်သည် နောက်ပိုင်းတွင် သူပညာတက်ရောက်သင်ယူရာ ကားလ်စ်ရူဟီတက္ကသိုလ်၌ စက်မှုအင်ဂျင်နီယာဝင်ခွင့်စာမေးပွဲကို အောင်မြင်ခဲ့သည်။ ၎င်းသည် ၁၈၆၄ ခုနှစ် ဇူလိုင် ၉ရက်တွင် ယင်းတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။

လုပ်ကိုင်ခဲ့

ယင်းနှစ်များအတွင်း သူသည် စက်ဘီးဖြင့် သွားလာနေခဲ့ရင်းဖြင့် မြင်းမဆွဲဘဲ သွားလာနိုင်သော ယာဉ်ဖြစ်လာမည့် အချက်အလက်များကို စတင်စဉ်းစားမိခဲ့သည်။ ဘင့်ဇ်သည် သူ၏ပညာရေးဆုံးခန်းတိုင် သင်ယူပြီးနောက် ကုမ္ပဏီအများအပြား၌ ခုနစ်နှစ်တာမျှ အင်ဂျင်နီယာလုပ်ငန်းဖြင့် သက်မွေးဝမ်းကျောင်းအဖြစ် လေ့ကျင့်လုပ်ကိုင်ခဲ့သည်။ သို့သော်လည်း ဘင့်ဇ်သည် ယင်းကုမ္ပဏီများအနက် မည်သည့်ကုမ္ပဏီတွင်မျှ လုပ်ငန်းခွင်ပညာကို ပြည့်ပြည့်ဝဝမရရှိခဲ့ပေ။ ဘင့်ဇ်သည် ကားလ်ခ်ရူဟီအရပ်ရှိ စက်မှုအင်ဂျင်နီယာကုမ္ပဏီတွင် လုပ်ကိုင်ရင်း နှစ်နှစ်တာကာလ၌ အလုပ်မျိုးစုံကို လုပ်ကိုင်ခဲ့သည်။



ဝက်ဂင်မော်တော်ကား၏ အင်ဂျင်အနေအထား။

ထွက်ခွာခဲ့

ထို့နောက် ဘင့်ဇ်သည် ချိန်ခွင်ထုတ်လုပ်သောစက်ရုံတွင် ပုံဆွဲဆရာနှင့်ဒီဇိုင်းပညာရှင်အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ယင်းစက်ရုံရှိရာ မန်းဟိန်းမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ၁၈၆၈ခုနှစ်တွင် တံတားဆောက်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဂီဘရူဒါဘင့်ကီဆာ အီဆင်ဝါကီနှင့် မက်စ်ချီနင်ဖက်ဘ်ရစ်ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်ရန်အတွက် ပီဖော်ဇိန်းမြို့သို့ သွားရောက်ခဲ့သည်။ နောက်ဆုံးတွင် ဘင့်ဇ်သည် သံထည်ပစ္စည်းတည်ဆောက်ရေးကုမ္ပဏီတွင် အလုပ်လုပ်ကိုင်ရန်အတွက် ဩစတြီးယားနိုင်ငံဗီယင်နာမြို့သို့ ထွက်ခွာခဲ့သည်။

ပြန်ပြောင်းပေး

ဘင့်ဇ်သည် ၁၈၇၁ခုနှစ် ၂၇နှစ်အရွယ်တွင် ဩဂတ်ရစ်တာကုမ္ပဏီနှင့် ချိတ်ဆက်မိပြီး မန်းဟိန်းမြို့တွင် စက်မှုဆိုင်ရာ အလုပ်ရုံတစ်ခုကို စတင်တည်ဆောက်ခဲ့ပြီး ဆောက်လုပ်ရေးပစ္စည်းများ ထုတ်လုပ်သောလုပ်ငန်း၌သာ စိတ်ရောကိုယ်ပါ မြှုပ်နှံလုပ်ကိုင်ခဲ့သည်။ ဘင့်ဇ်သည် ယင်းအလုပ်ရုံကို သံသတ္တုပုံလောင်းစက်ရုံနှင့် စက်မှုဆိုင်ရာအလုပ်ရုံအဖြစ် အမည်ပေးထားရာမှ နောက်ပိုင်းတွင် သံမဏိစက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံဟု အမည်ပြန်ပြောင်းပေးခဲ့သည်။

ပြေလည်သွားခဲ့

ယင်းလုပ်ငန်း၏ ပွဲဦးထွက်နှစ်တွင် လုံးဝအောင်မြင်မှု မရရှိခဲ့ပေ။ ရစ်တာကုမ္ပဏီသည် အားမကိုးလောက်သော အခြေအနေသို့ ရောက်ရှိခဲ့ပြီး ဒေသခံအာဏာပိုင်များ ယင်းလုပ်ငန်းကို သိမ်းယူခဲ့သည်။ ယင်းကဲ့သို့သော အခြေအနေတွင် ဘင့်ဇ်နှင့်စေ့စပ်ထားသော ဇနီးလောင်းဘာသာရင်ဂါက ဩဂတ်ရစ်တာကုမ္ပဏီ၌ ပါဝင်သော ရစ်တာ၏ ရှယ်ယာကို အကုန်ဝယ်ယူကာ သူတို့သမီးက သူတို့သားဘက်သို့ပေးရသော အသွင်းပစ္စည်းအဖြစ် အသုံးပြုခြင်းဖြင့် ယင်းပြဿနာကို ဖြေရှင်းပေးခဲ့သည်။

ထွန်းကားခဲ့

၁၈၇၂ခုနှစ်တွင် ဘင့်ဇ်နှင့် ဘာသာရင်ဂါတို့ ထိမ်းမြားလက်ထပ်ခဲ့ကြရာ နောက်ပိုင်းတွင် အူဂင်(၁၈၇၃)၊ ရစ်ချတ်(၁၈၇၄)၊ ကလာရာ(၁၈၇၇)၊ သီလ်ဒီ(၁၈၈၂)နှင့် အယ်လင်(၁၈၉၀)ဟူသော သားသမီး ငါးဦးထွန်းကားခဲ့သည်။ လုပ်ငန်းမအောင်မြင်မှုကိုကြီးမားစွာ ကြုံတွေ့ခဲ့ရသော်လည်း ကားလ်ဘင့်ဇ်သည် အင်ဂျင်သစ်များကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ ဘင့်ဇ်သည် ဝင်ငွေပိုမိုရရှိစေရေးအတွက် ၁၈၇၈ခုနှစ်တွင် ၎င်း၏လုပ်ငန်းကို မှတ်ပုံတင်ကာ ဆက်လက်လုပ်ဆောင်ခဲ့သည်။ ပထမဦးစွာ ဘင့်ဇ်သည် နှစ်လုံးထိုးအင်ဂျင်တီထွင်မှုကို အာရုံစိုက်လုပ်ကိုင်ခဲ့ရာ နှစ်သစ်ကူးအခါသမယဖြစ်သည့် ၁၈၇၈ခုနှစ် ဒီဇင်ဘာ၃၁ရက်တွင် ပြီးစီးခဲ့ပြီး ၁၈၇၉ခုနှစ်တွင် မှတ်ပုံတင်ခဲ့သည်။

မှတ်ပုံတင်ခဲ့

ဘင့်ဇ်သည် ၎င်း၏စစ်မှန်သော ထူးချွန်ထက်မြက်မှုစွမ်းရည်ကို ပြသခဲ့သည်။ သို့သော်လည်း နှစ်လုံးထိုးအင်ဂျင်ကို ပုံစံရေးဆွဲနေစဉ်မှာပင် မှတ်ပုံတင်ခဲ့ပြီး သူ၏အဆက်ဆက် တီထွင်မှုများကိုလည်း ထိုနည်းနှင်နှင်ပင် မှတ်ပုံတင်ခဲ့သည်။ ဘင့်ဇ်သည် မကြာမီတွင် အလျင်ပြောင်းလဲမှုစနစ်၊ ဘက်ထရီဓာတ်အားကို အသုံးပြုခြင်းဖြင့်



၁၉၂၉ခုနှစ်တွင် တီထွင်ခဲ့သည့် ဘလစ်ဇင်ဘင့်ဇ်မော်တော်ကား။

အပူပေးခြင်းစနစ်၊ အပူပေးပလပ်၊ ကာဘရက်တာ၊ ကလပ်ချ်၊ ကားဂီယာအုံနှင့် အင်ဂျင်ကို အအေးပေးသည့်ကိရိယာများကို မူပိုင်မှတ်ပုံတင်ခဲ့သည်။

လူကြိုက်များ

ဘင့်ဇ်သည် ၁၈၈၅ခုနှစ်တွင် ဝက်ဂင်မော်တော်ကားကိုထုတ်လုပ်ကာ ၁၈၈၆ခုနှစ် ဇန်နဝါရီ ၂၉ရက်တွင် မှတ်ပုံတင်ခဲ့သည်။ ၁၈၈၈ခုနှစ် ဩဂုတ် ၅ရက် နံနက်ခင်းတွင် ဘင့်ဇ်၏ဇနီးသည် ဘာသာဘင့်ဇ်က ခင်ပွန်းဖြစ်သူ ဘင့်ဇ်၏ ကားများအနက်မှ တစ်စီးကို မောင်းနှင်ကာ မန်းဟိန်းမြို့မှ ၆၅မိုင်ဝေးသော ပီဖိုဇိန်းမြို့သို့ သူမ၏မိခင်၊ သားများဖြစ်ကြသည့် အူဂင်နှင့် ရစ်ချတ်တို့ကို တင်ဆောင်မောင်းနှင်ခဲ့ရာမှ ဘင့်ဇ်၏ မော်တော်ကားမှာ နာမည်ကြီး လူကြိုက်များသွားခဲ့သည်။

ဘင့်ဇ်သည် ၁၈၉၄ခုနှစ်တွင် ဗီလိုအမျိုးအစား မော်တော်ကား၊ ၁၉၀၉ခုနှစ်၌ ဘလစ်ဇင်ဘင့်ဇ်ကားတို့ကို တီထွင်ခဲ့သည်။ လူသားတို့၏ ကုန်းလမ်းခရီးတွင် သွားလာရေး လွယ်ကူအောင် ထာဝရကူညီထောက်ပံ့ပေးနေသော မော်တော်ကားကို တီထွင်ခဲ့သည့် အစဉ် လေးစားထိုက်သော တီထွင်ပညာရှင်ကြီး ကားလ်ဖရီးရစ်ချ်ဘင့်ဇ်သည် အသက် ၈၄နှစ်အရွယ် ၁၉၂၉ခုနှစ် ဧပြီ ၄ရက်တွင် လာဒင်ဘတ်မြို့နေအိမ်၌ ၎င်းဝါသနာပါပြီး ထာဝရမြှုပ်နှံ ထားခဲ့သော တီထွင်မှုလောကကြီးကို ကျောခိုင်းသွားခဲ့ပါကြောင်း မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ရေးသားသည်**

ဘဝဒဿန

■ ***He attacked everything in life with a mix of extraordinary, genius and naive incompetence, and it was often difficult tell which was which.***

❒ *သူသည် သာမန်ထက်ထူးကဲသော ပါရမီပြည့်စုံမှုနှင့် ရိုးအသော မကျွမ်းကျင်မှုတို့ဖြင့် ရောယှက်ကာ ဘဝတွင် အရာရာကို ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ ထို့အပြင် မည်သည့်အရာကို မည့်သည်နည်းဖြင့် ဖြေရှင်းခဲ့သည်ကို ပြန်ရှင်းပြရန် ခက်ခဲမှုနှင့် မကြာခဏကြုံတွေ့ခဲ့ရသည်။*

ဒေါက်ကလပ်စ်အဒမ်စ် (အင်္ဂလိပ်လူမျိုးဟာသဆရာနှင့် သိပ္ပံဝတ္ထုရေးဆရာ)

ဘဝအမောပြေ

မှန်မမှန်ကြည့်တာပါ....

အင်္ကျီများကို သိမ်းဆည်းနေသော မိခင်အနီးသို့ လေးနှစ်သားအရွယ် သားငယ် ကပ်လာသည်။

မိခင် ။ ။ သား-မုန့်စားမလား။
သားငယ် ။ ။ မစားဘူး မေမေ။
မိခင် ။ ။ သားက ဘာဖြစ်လို့ မေမေ့ခေါင်းကို ကြည့်နေရတာလဲ။
သားငယ် ။ ။ ဖေဖေပြောတာ မှန်မမှန်ကြည့်နေတာပါ။
မိခင် ။ ။ သားဖေဖေက သားကို ဘာပြောလို့လဲ။
သားငယ် ။ ။ ဖေဖေက ပြောတယ်၊ အိမ်ဖော်မစ္စစ်ဝင်နီ ငါတို့နှစ်ယောက် အနေအထိုင် ဆင်ခြင်ကြရမယ်တဲ့၊ မေမေ့မှာ မျက်စိလေးလုံး ပါတယ်လို့ ပြောသံကြားလို့ ဟုတ်မဟုတ် ကြည့်နေတာပါ မေမေ။
မိခင် ။ ။ ''ဘာ''

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နာနတ်သီး ပုံမှန်စားသုံးလျှင် သွေးတိုးရောဂါ ကာကွယ်ပေးနိုင်ဟုဆို

နာနတ်သီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် သွေးတိုးရောဂါများဖြစ်ပွားမှုကို ကျဆင်းစေပြီး သွေးတိုးမှု လျော့ကျစေကြောင်း စပိန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ကိုင်လက်စထရောများ လျော့ကျ

နာနတ်သီးတွင် ဗီတာမင်စီ၊ ဗီတာမင်ဘီ-၁၊ ဗီတာမင်-ဖ၊ ကော့ပါးနှင့် အမျှင်ဓာတ်များပါရှိရာ သွေးပေါင်ချိန်ကျဆင်းစေသည့်အပြင် သွေးအတွင်း ကိုလက်စထရောများမှုကို လျော့ကျစေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

နာနတ်သီးကို ပုံမှန်စားသုံးလေ့ရှိသူ ၂၀၀၀အား သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ ၎င်းတို့သည် သွေးတိုးရောဂါဖြစ်ပွားမှု ၁၈ ရာခိုင်နှုန်းသာဖြစ်ပွားကြကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

နှစ်ကြိမ်ခန့်စားသုံးပေး

ထို့အပြင် နာနတ်သီးကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့်စားသုံးပေးသူများသည် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှု အလွန်နည်းပါးကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

အင်တာနက်ကျန်းမာရေး



■ ရှေ့ဖုံးမှ

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပသည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၅)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးနှင့်ပြပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာ့စက်မှုထုတ်ကုန်ပြပွဲကျင်းပရာ မြေညီထပ်တွင် ခင်းကျင်းပြသထားသော ပြခန်းများနှင့် အရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေးကို မင်္ဂလာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ ကုန်ထုတ်စွမ်းအားများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ စက်မှုလက်မှု ကုန်ထုတ်လုပ်သူများအသင်း နာယကတို့က အသင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အသင်းဒုတိယဥက္ကဋ္ဌက စက်မှုဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းဆွေးနွေးပွဲမှ ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်းသည့် လေ့လာသုံးသပ်ချက်များကို တင်ပြသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြခြင်း၊ အတည်ပြုခြင်း၊ ၂၀၀၉-၂၀၁၀ပြည့်နှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့သစ်၏ အမည်စာရင်း ဖတ်ကြားတင်ပြခြင်းကို ဆောင်ရွက်ကြသည်။

ယင်းနောက် အသင်းရန်ပုံငွေအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများကလက်ခံကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

အထက(၂)မရမ်းကုန်း (ယခင် St' Jude's Academy) ကျောင်း၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)က ကျောင်းခန်းမ၌ကျင်းပရာ အသက်(၆၀)ပြည့် အပူဇော်ခံ ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

ပန်းမောက်မြို့ စိန်ပန်းလမ်း ကျောက်ချောခင်း

ပန်းမောက် ဖေဖော်ဝါရီ ၁၅

ပန်းမောက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့် ဆောင်ရွက်လျက်ရှိသော စိန်ပန်းလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်နန်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ဟိုမှာကြည့်စမ်း

❊ ဟိုမှာကြည့်စမ်း
လမ်းနှင့်တံတား၊ ဆည်မြောင်းများနှင့်
မြင့်မားတိုက်တာ၊ အံ့စွာပြောင်းလဲ
ထူးကဲခံ့ညား၊ ဒို့များနေရာ။

❊ ဟိုမှာကြည့်စမ်း
ပဲနှမ်းစပါး၊ သီးဖွံ့ထွားလျက်
အားရစဖွယ်၊ လေဝယ်နွဲ့ယိမ်း
စိမ်းဝါဝင့်ကြွား၊ ဒို့များလယ်ယာ။

❊ ဟိုမှာကြည့်စမ်း
ကျွန်းနှင့်သစ်ဝါး၊ သတ္တုများနှင့်
ရေအားလျှပ်စစ်၊ စက်မှုသစ်တည်
ခေတ်မီကျော်လွှား၊ ဒို့များပြည်ရွာ။

❊ ဟိုမှာကြည့်စမ်း
ငြိမ်းချမ်းစကား၊ ချစ်ကြည်ပွားလျက်
စိတ်ထားခိုင်ကျည်၊ ညီနောင်စုရုံး
စည်းလုံးအင်အား၊ ဒို့များမြန်မာ။ ။

ညိုဘန်း(လေးဝတီ)

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဆင်တိုင်းကန်ကျေးရွာတွင် စက်ရေတွင်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ဖေဖော်ဝါရီ ၆ရက်မှ ၉ရက်အထိ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်သို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆောင်ရွက်သည်။

ဖြည့်ဆည်း

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်သည် ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီက ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်စစ်မှုထမ်းဟောင်းရုံးတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍စစ်မှုထမ်းဟောင်းအဖွဲ့၏လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက်ဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် မြို့နယ်သောက်သုံးရေကန်ဖြစ်သည့် ထိန်ကန်ကြီးသို့ရောက်ရှိပြီး ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ထိန်ကန်ပြုပြင်ရေးကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ထိန်ကန်ပြုပြင်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဖွင့်လှစ်

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ဖေဖော်ဝါရီ ၇ရက် နံနက် ၈နာရီခွဲက ကျောက်ပန်းတောင်းမြို့နယ် ဆင်တိုင်းကန်ကျေးရွာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး JICA တို့ ပူးပေါင်းဆောင်ရွက်သည့် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ဖူလုံစွာ

အဆိုပါ စက်ရေတွင်းသည် အချင်း ၆လက်မရှိ စက်ရေတွင်းဖြစ်ပြီး MONO ပန့်အမျိုးအစားတပ်ဆင်ထားကာ တစ်နာရီလျှင် ရေဂါလန် ၁၈၀၀ထွက်ရှိမည်ဖြစ်၍ ဆင်တိုင်းကန်ကျေးရွာရှိ အိမ်ခြေ ၁၇၀သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ကျောက်ပန်းတောင်းမြို့နယ်ခန်းမ၌ မြို့မိမြို့ဖများ၊လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ကြည့်ရှု

ဒုတိယမြို့တော်ဝန်သည် ဖေဖော်ဝါရီ ၈ရက် နံနက် ၁၀နာရီခွဲက ကျောက်ပန်းတောင်းမြို့နယ်ရှိ စိတ္တပါလဂူကျောင်းသို့ရောက်ရှိပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပရဟိတကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မူဆယ်တွင် ဟောပြောပွဲများ ကျင်းပ

မူဆယ် ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်ဟောပြောပွဲကို ဖေဖော်ဝါရီ ၉ရက်က စယ်လန့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းက ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊မူဆယ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ကဗျာဆရာမျိုးခိုင် (မူဆယ်)က ပြည်ထောင်စုစိတ်ဓာတ်ကို လည်းကောင်း၊ ကဗျာဆရာဇော်မျိုးဟန်(ငါးသိုင်းချောင်း)က ရည်မှန်းချက်နှင့်တာဝန်ကို လည်းကောင်း ဟောပြောကြသည်။ ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဂျာနယ်အစောင်၅၀ကိုလည်းကောင်း၊ မျိုးခိုင်(မူဆယ်)က ကဗျာစာအုပ် ငါးအုပ်ကို လည်းကောင်း၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)ကဂျာနယ်၁၀စောင်ကိုလည်းကောင်း၊ နိုင်မျိုးသစ္စာ(နမ္မတူ)က ကဗျာစာအုပ် ငါးအုပ်ကို လည်းကောင်း၊ ရွှေညာသား မြတ်မင်းက မူဆယ်မဂ္ဂဇင်းသုံးအုပ်ကို လည်းကောင်း ကျောင်းစာကြည့်တိုက်သို့ လှူဒါန်းရာကျောင်းအုပ်ဆရာမကြီးဒေါ်ကျော့မေက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဆွေးနွေးညှိနှိုင်း

ယင်းနောက် ခရိုင်ဦးစီးအရာရှိနှင့် အဖွဲ့သည် စယ်လန့်ကျေးရွာ မောရဝတီ စံပြစာကြည့်တိုက်သို့ ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ကို စံ(၅)ရပ်နှင့်အညီ ကိုက်ညီရေးအတွက် ကျေးရွာအာဏာပိုင် အဖွဲ့နှင့် စာကြည့်တိုက်ကော်မတီများအား ဆွေးနွေးညှိနှိုင်းကြသည်။

အလားတူပင် ခရိုင်ဦးစီးအရာရှိနှင့် ကဗျာဆရာများသည် ဖေဖော်ဝါရီ၁၁ရက်က မူဆယ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဟောပြောပွဲကျင်းပပြီး စာအုပ်များလှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းအောင်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၃)အခြေခံပညာဦးစီးဌာန၂၀၀၈-၂၀၀၉ခု ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ကြသူများနှင့် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုယူအပြီး တွေ့ရစဉ်။ (ပညာရေး)

နေပြည်တော် မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
(၁၇-၂-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော်
(ဓမ္မဂုတ္တ)မွေ့ပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင်(တယ်လီဖုန်းကို
ပြုံးပြီးပြောပါ)
၈:၄၅ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ
(လူပျိုကြီးဟင်း)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ (Talk on line) (အဂ္ဂါ)
၁၁:၃၅ တေးပဒေသာ
၁၂:၀၀ စံတော်ချိန်
၁၂:၃၀ အလုပ်အကိုင်အခွင့်အလမ်း
၁၂:၄၀ ရွှင်လန်းစေချင်သောတရှင်
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ်
(ဆဌမတန်း -အထွေထွေသိပ္ပံ)
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
(မိုးကောင်းကင်နှင့် စိတ်အသွင်)
၁၆:၃၀ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
အထောက်အကူပြုသင်ခန်းစာ
(အင်္ဂလိပ်စာ)
၁၇:၀၀ မေတို့တွက်တာအလှကမ္ဘာ
(အလှပြင်ကြမယ်)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အတွေးကောင်းကင်-
ကောင်းသန့်
(၂) လက်ပံတန်းမြို့နယ်အသင်း
ရွှေရတုမဂ္ဂဇင်း-ကော်မတီ
၁၈:၄၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ဇာတ်လမ်းပမာနားဆင်စရာ
(ကိုကိုချစ်ဝဲလယ်)
၁၉:၁၀ တေးပဒေသာ
နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ တေးစီးရီး (အချစ်ခွန်အား)
(ဘုန်းခန့်)
စီးပွားရေးဦးတည်ချက်
၂၀:၃၀ ခံစားနားဆင် တေးဂန္ထဝင်
၂၀:၄၀ ချမ်းမြေ့သာယာသီရိဂေဟာ
(ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်
စိုးမိုးကြည်တို့ဇနီးမောင်နှံ)
၂၁:၀၀ လူမှုရေးဦးတည်ချက်
၂၁:၁၀ ဆောင်းပါး(လမ်းကိုဖြောင့်ဖြောင့်
လျှောက်ရင် ပန်းတိုင်မြန်မြန်ရောက်
တာပါပဲ)
၂၁:၂၀ တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ပုဇွန်တောင်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်များအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှု

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်များအတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးသည် နံနက် ဖြနာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် ရေကျော်လမ်းမပေါ်ရှိ ဝိုင်အမ်ဘီအေ အသင်းရုံးသို့ရောက်ရှိလာရာ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက တိုင်းအတွင်းနှင့် မြို့နယ်များအတွင်း ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်နိုင်မှု၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှု အခြေအနေများ၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက် လိပ်ကန်လမ်းတစ်လျှောက်နှင့် ဗိုလ်တထောင်မြို့နယ် (၆)ရပ်ကွက် ကမ်းနားလမ်းနှင့် ဘိုကလေးဈေးလမ်းတစ်လျှောက်တို့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေးပညာပေး ဟောပြောနေမှုများ၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက်အသုံးပြု၍ (Block Spare)စနစ်ဖြင့် နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လင်းခေးခရိုင် ပြန်/ဆက်ဦးစီးဌာန စာဖတ်ဝိုင်းကျင်းပ

လင်းခေး ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးစာကြည့်တိုက်ခန်းမ၌ ဇန်နဝါရီ၁၉ရက် နံနက်၁၀နာရီက စာဖတ်ဝိုင်းကျင်းပရာ ခရိုင်ဦးစီး ဦးအယ်လ်စိုးထန်တူးက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းသည်။

သုံးသပ်ဆွေးနွေး

ထို့နောက် စာဖတ်ဝိုင်းကိုကျင်းပရာ ဇန်နဝါရီ၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ခေါင်းကြီးပိုင်းမှ အမျိုးသားရေး အသိအမြင်ယုံကြည်ချက်၊ ခံယူချက်မြင့်မားရန် ကြိုးပမ်းစွမ်းဆောင်ဆောင်းပါးကို စာကြည့်တိုက် လက်ထောက်(၃) ဒေါ်နန်းအေးခိုင်ကလည်းကောင်း၊ ဇန်နဝါရီ ၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ မြင်းမူမောင်နိုင်မိုး ရေးသားသော စာပေရန့်သင်းပျံ့ထုံဝေ ရွှေတိုင်းဌာနေ စစ်ကိုင်းမြေ ဆောင်းပါးကို ဓာတ်ပုံကျွမ်းကျင်(၂) ဦးစိုင်းဇော်လတ်ကလည်းကောင်း ဖတ်ကြားဆွေးနွေးပြီး ခရိုင်ဦးစီး ဦးအယ်လ်စိုးထန်တူးက စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

Horizon အားကစား အကယ်ဒမီ၏ ပံ့ပိုးမှုဖြင့် တူရကီနိုင်ငံတွင် ချစ်ကြည်ရေး လက်ရည်စမ်းပွဲများ သွားရောက်ကစားမည့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် လူငယ်လက်ရွေးစင် အသင်းကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။

(မြန်မာ့အလင်း)

ပြည်ထောင်စုနေ့ဂုဏ်ပြု စာစီစာကုံးပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု နံရံကပ်စာစောင် ပြပွဲနှင့် စာစီစာကုံး ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က အမှတ်(၃၇)ရပ်ကွက် အမက(၁၇) ကျောင်းခန်းမ၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးက ပြည်ထောင်စုနေ့အကြောင်း ဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြီးက စာစီစာကုံးပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်က ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသူ မယုမွန်ကျော်အား ဆုချီးမြှင့်ပြီး **(အောက်ပုံ)** တက်ရောက်လာသော တာဝန်ရှိသူများ၊ အင်န်ဂျီအိုအဖွဲ့အစည်းများက ဆုများဆက်လက်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အထက(၃) ကြည့်မြင်တိုင် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါကျောင်း စကားဖြူခန်းမကြီးအတွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာဆရာမကြီးများအား စုပေါင်းကန်တော့ကြစဉ်။ (၁၆၄)

ဟိုပန်တွင် ဆေးစိမ်ခြင်ထောင် အခမဲ့ဖြန့်ဝေပေး

ဟိုပန် ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့တွင် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်း စီမံချက်အရ ပြည်နယ်ငှက်ဖျားတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာတိုးအောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ဦး ဦးဆောင်သည့်အဖွဲ့သည် ကျေးရွာနေပြည်သူများအား တာရှည်ခံ ဆေးစိမ်ခြင်ထောင် အခမဲ့ဖြန့်ဝေပေးပွဲကို ဇန်နဝါရီ ၂၈ရက်မွန်းလွဲ၁နာရီက အမကကောင်းကော်ကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဒေါက်တာမြင့်ဦးက ငှက်ဖျားရောဂါကာကွယ်ရေး ဆေးစိမ်ခြင်ထောင် အသုံးပြုပေးရန်နှင့် ထိရောက်မှု အကျိုးရှိမှုနှင့် အခမဲ့ဖြန့်ဝေပေးခြင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်သီတာက လူကုန်ကူးမှုတားဆီးရေး၊ အိုင်အိုဒင်းဆားသုံးစွဲရေးနှင့် ဝမ်းပျက် ဝမ်းလျှော မဖြစ်ပွားရန် ကာကွယ်ရေး ပညာပေးဟောပြောသည်။

ဝေငှပေး

ထို့နောက် ယူနီဆက်ဖ် အဖွဲ့၏ အထောက်အပံ့ဖြင့်ပေးပို့လာသည့် တာရှည်ခံ ဆေးစိမ်ခြင်ထောင်အလုံး၅၂၀၀ကို ကျေးရွာ ၁၂၀မှ အိမ်ထောင်စု ၅၁၉၅စုအတွက် ဖေဖော်ဝါရီလအထိ အခမဲ့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာရည်ချွန်ဆုချီးမြှင့် အလှူငွေပေးအပ်

ခင်ဦး ဖေဖော်ဝါရီ ၁၅

ခင်ဦးမြို့ မြကန်သာရပ်ကွက်အမက၌ ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ် မိဘ ဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၁၁နာရီက ကျင်းပရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ရပ်ကွက်အကျိုးဆောင်လူငယ်အဖွဲ့မှ ဦးကျော်ဆွေက ငွေကျပ် ၂၀၀၀၀၊ ဦးခင်မောင်ကြည်-ဒေါ်စန်းစန်းဝင်းတို့က ငွေကျပ် ၁၀၀၀၀နှင့် ဦးစိုးမိုးနိုင်-ဒေါ်သန်းသန်းဌေး တို့က ငွေကျပ် ၁၀၀၀၀ တို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၈၂)**

16-2 (07).pmd 1 2/15/2009, 11:46 PM

ခရမ်းချောင်း ရေထိန်းတံခါးမှ လျှောင်ရေကို အသုံးပြု၍ နွေစပါး စိုက်ပျိုးခင်းအတွင်း ရေတင်စိုက်ပျိုးနေမှုကို တွေ့ရစဉ်။
ဓာတ်ပုံ-သန်းဝင်း(သန်လျင် ပြန်/ဆက်)

* *ကျော့ဖုံးမှ*

ဖြန့်ကြက်တည်ဆောက်ပေးထားသည်။ ဆည်ရေသောက် စိုက်ပျိုးမြေများ တိုးတက်လာပြီး မိုးစပါး၊ နွေစပါး၊ ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံများ သီးထပ်စိုက်ပျိုး အကျိုးဖြစ်ထွန်းလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီး ခရမ်းချောင်းပေါ်တွင် တည်ဆောက်ပေးထားသည့် ခရမ်းရေထိန်းတံခါးကြီး၏ အကျိုးကျေးဇူးကြောင့်ဒေသခံတောင်သူလယ်သမားများ မိုးရာသီတွင် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေရာသီ၌ နွေစပါး၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ ဖြစ်ထွန်းအောင်မြင်မှုများကိုဖေဖော်ဝါရီလ၁ရက်က ကွင်းဆင်းလေ့လာခဲ့ပါသည်။

အကျိုးဖြစ်ထွန်းမှု

ခရမ်းရေထိန်းတံခါး ဝန်းကျင်ရှိ သန်လျင်မြို့နယ် ညောင်လေးပင်၊ ကဒပ်ဖြာ၊ ရုံးသပြေကန်၊ မင်္ဂလွန်း၊ ပုဂံတောင်၊ သပြေကုန်း၊ လဟာယက်စသည့် ကျေးရွာများတွင် နွေစပါး၊ ပဲမျိုးစုံ၊ နေကြာများစိုက်ပျိုးအောင်မြင်မှုများ၏ မြင်ကွင်းများက အားရကျေနပ်စရာပင်။ မျက်စိတစ်ဆုံး မြင်တွေ့ခဲ့ရသည့် နေကြာစိုက်ခင်းများ၊ နွေစပါးစိုက်ခင်းများ၊ ခရမ်းချောင်းလက်တက်များမှ ရေကိုစုပ်တင်၍ စိုက်ပျိုးနေမှုများက ဒေသခံတောင်သူများအတွက် ဝင်ငွေတိုး၍ အကျိုးဖြစ်ထွန်းမှု ရလဒ်များပင် ဖြစ်သည်။

သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းက "ခရမ်းချောင်းလျှောင်ရေကို အသုံးပြု၍ နွေစပါးဧက ၁၀၀ ကို ကဒပ်ဖြာကျေးရွာတွင် ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးကို လယ်သမားနှင့် အကျိုးတူစိုက်ပျိုးခဲ့ရာ မြင်တွေ့ရသည့်အတိုင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ ယင်းသို့အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခရမ်းချောင်းရေထိန်းတံခါး ရေသောက်ဧရိယာတွေမှာ ပဲနှင့် နေကြာများ စိုက်ပျိုးဖြစ်ထွန်းခဲ့သော်လည်း နွေစပါးစိုက်ပျိုးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း။ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပင်လယ်ကိုးသွယ်ရောင်းဝယ်ရေးကုမ္ပဏီနှင့် ပူးပေါင်းပြီး ကန်ထရိုက်လယ်ယာစနစ်ဖြင့် ယခုနှစ်တွင် နွေစပါးဧက ၁၀၀ စတင်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ခဲ့ကြောင်းတွေ့ရသဖြင့် အခြားဒေသခံကျေးရွာတောင်သူများကလည်း စိတ်အားထက်သန်နေကြရာ မိမိတို့ကလည်း တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုကိုရယူကာ လာမည့်နှစ်တွင် တိုးချဲ့စိုက်ပျိုးသွားရန် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" စာရေးသူအား ရှင်းပြခဲ့သည်။

အချက်နှစ်ချက်

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သန်လျင်မြို့နယ် မန်နေဂျာ ဦးကျော်ကျော်က "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မျိုး၊ မြေ၊ စိုက်စနစ် အဓိက သုံးချက်ကို သတိပြုရန်လိုကြောင်း၊ အဓိကဖြစ်တဲ့မျိုးပြောင်းလဲစိုက်ပျိုးနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆင်းရွှေကြာ ၂ မျိုးကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် တစ်တိုင်းလုံး မျိုးဖြန့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် လယ်သမားများ ကိုယ့်မျိုးကိုယ်ထားစိုက်ပျိုးနိုင်ရန် ဆီထွက်သီးနှံများ စိုက်ပျိုးသည်မှ သိုလှောင်နိုင်သည်အထိ လက်တွေ့ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ နေကြာကိုလည်းသီးသန့်စိုက်ပျိုးသင့်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် **'မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက်'** ဆိုသည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဆောင်ပုဒ်ကို နှလုံးသွင်းဆောင်ရွက်သင့်ကြောင်း" ဒေသခံတောင်သူများအား ဆွေးနွေးပြောကြားချက်များကိုလည်း ကြားသိခဲ့ရသည်။

စိုက်ပျိုးနိုင်

နွေစပါးစိုက်ဧက ပြည့်မီရေးအတွက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အရင်းအနှီးလိုအပ်သော လယ်သမားများအား တစ်ဧက ငွေကျပ်ငါးသောင်းထုတ်ချေးပြီး ဓာတ်မြေဩဇာများကိုလည်း အရင်းအတိုင်းပံ့ပိုးဖြည့်ဆည်း ပေးခဲ့သည်။ သန်လျင်မြို့နယ်အနေဖြင့် ယခုစိုက်ပျိုးရာသီတွင် နွေစပါး ဧက ၂၃၀၀ လျာထားခဲ့ပြီး ၂၅၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နေကြာတွင် ၃၉၇၅ ဧက လျာထားခဲ့ပြီး ၄၁၆၈ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ပဲမျိုးစုံတွင် ၃၈၉၂၂ ဧကလျာထားခဲ့ပြီး ၃၉၆၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သီးနှံအားလုံး လျာထားချက်ထက် ပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။ တောင်သူလယ်သမားများ အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

သန်လျင်မြို့နယ် ကဒပ်ဖြာကျေးရွာမှ နွေစပါးစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်က စိုက်ပျိုးရေးနည်းစနစ်များ ဆွေးနွေးပြောကြားစဉ်။ ဓာတ်ပုံ-သန်းဝင်း(သန်လျင် ပြန်/ဆက်)

ပံ့ပိုးကူညီ

နိုင်ငံတော်က စိုက်ပျိုးရေရရှိရေး အပါအဝင် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုလာရေး၊ စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်ရေးတို့ကို ပံ့ပိုးကူညီပေးလျက်ရှိပြီး စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများကခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်သွားရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်မှကျေးလက်ဒေသနေ ပြည်သူများ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ မလွဲဧကန် ဖြစ်ပါကြောင်း ကွင်းဆင်း လေ့လာရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သန်လျင်မြို့နယ် ရုံးသပြေကန်ကျေးရွာတွင် အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေကြာ(၂) နေကြာပင်ကြီး။
ဓာတ်ပုံ-သန်းဝင်း(သန်လျင် ပြန်/ဆက်)

မြို့နယ်ဥက္ကဋ္ဌဦးဘိုထွန်းနှင့် ကျေးရွာတောင်သူများအား ဆင်းရွှေကြာ(၂) နေကြာ၏ အောင်မြင်သီးပွင့်ပုံကို မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်က ရှင်းလင်းပြသစဉ်။ ဓာတ်ပုံ-သန်းဝင်း(သန်လျင် ပြန်/ဆက်)

ခရမ်းချောင်းရေထိန်းတံခါး အကျိုးကျေးဇူးကြောင့် သန်လျင်မြို့နယ် ကဒပ်ဖြာကျေးရွာတွင် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-သန်းဝင်း(သန်လျင် ပြန်/ဆက်)

16-2 (08).pmd 1 2/15/2009, 11:46 PM

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဥပဒေကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကို မတ်၂ရက် (စနေနေ့) ညနေ ၅နာရီ၌ Excel Tower ရွှေဂုံတိုင်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၈၆-၄၀၄၂၉ နှင့် ၀၉-၅၁-၄၅၁၃၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရေနံချောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂ရက်(စနေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၇၂၄၄၀နှင့် ဖုန်း-၆၈၀၆၆၁တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်သည်။

သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စွယ်စုံမီဒီယာ ဂရု(ပ်)၏ သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဖေဖော်ဝါရီ၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ပုသိမ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ပုသိမ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၁ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အမှတ်၂၁/၄၃-စီ ကြားတောရလမ်းဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ရောဝတီတိုင်းမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၃၇၉၂၅၈ သို့ ဆက်သွယ်နိုင်သည်။

အထက(၃) စမ်းချောင်း မြတ်ဆရာပူဇော်ပွဲ

အထက(၃) စမ်းချောင်း၌ တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို မတ်၂ရက်(တနင်္လာနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး အပတ်စဉ်(တနင်္ဂနွေနေ့)တိုင်း မွန်းလွဲ၁နာရီတွင် အဆိုပါကျောင်း၌ အစည်းအဝေးကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

သူနာပြုနှင့် သားဖွားအသင်း စုံညီစည်းဝေးမည်

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း စုံညီအစည်းအဝေး(၂၀၀၉)ကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်သူနာပြုတက္ကသိုလ် (ပင်မဆောင်)ခန်းမ၌ ဖေဖော်ဝါရီ၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက်၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၃၈၈၆၁၁သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဘုရင့်နောင်ဈေး စပေါင်းသွေးလှူဒါန်းပွဲ

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး ဈေးသာယာရေးအဖွဲ့ သွေးလှူရှင်အသင်းကကြီးမှူး၍ (၉)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၈ရက်(စနေနေ့)တွင် ဘုရင့်နောင်ဈေးသာယာရေးရုံး၌ ကျင်းပရန်စီစဉ်ထားရာ သွေးလှူဒါန်းလိုသူများနှင့် သွေးလှူဒါန်းသူများအား အစားအစာနှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၇၂၈၄၆၇၊ ဈေးသာယာရေးရုံး ဖုန်း-၆၈၂၀၁၉တို့သို့ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ပြီး ဘုရင့်နောင်ဈေး မိသားစုများက (၈)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ သွေးပုလင်းပေါင်း ၂၁၀၃ ပုလင်းနှင့် ငွေကျပ်သိန်း၉၀ ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။

မြန်မာသံစဉ်ဖျော်ဖြေပွဲ မျှော်စင်ကျွန်း၌ကျင်းပမည်

မြန်မာသံစဉ်တေးဂီတကို မြတ်နိုးကြသော ပရိသတ်များအတွက် ဖေဖော်ဝါရီ၂၂ရက်(တနင်္ဂနွေနေ့) ည၇နာရီတွင် မြန်မာသံစဉ်ဂန္ထဝင်ဂီတဖျော်ဖြေပွဲကို ကရဝိက်ဥယျာဉ်ကမ္ဘာ မျှော်စင်ကျွန်း၌ ကျင်းပမည်ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် စည်းဝေးမည်

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဗဟို)၏ နဝမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကို အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးဝင်းအတွင်း၌ ဖေဖော်ဝါရီ၂၁ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်၍ ပြပွဲပြိုင်ပွဲများ၊ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များလည်း ဖွင့်လှစ်ပြသမည်ဖြစ်သည်။

ရန်ကုန်ဂေါက်အသင်း ရာပြည့်ပွဲ

ရန်ကုန်ဂေါက်အသင်း၏ နှစ်တစ်ရာပြည့် ရာပြည့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရာပြည့်အထိမ်းအမှတ် ဂေါက်ရိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ရာ ဖုန်း-၆၃၅၅၆၁သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

● ရှု့ဖုံးမှ

နိုင်ငံတော်၏စေတနာ

ယခုကဲ့သို့ မြစ်ကူး တံတားကြီးများ တစ်စင်းပြီး တစ်စင်း ပေါ်ထွန်းလာခြင်းသည် နိုင်ငံနှင့် လူမျိုး၏ စီးပွားရေး ဓနအင်အား တိုးတက် ခိုင်မာမှု၊ စိတ်ဓာတ်စွမ်းအား၊ အတတ်ပညာ၊ နည်းပညာစွမ်းအား၊ ပြည့်ဝ မြင့်မားလာမှု၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့် နိုင်ငံသားများ၏ အနာဂတ်အတွက် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို စနစ်တကျ အကွက်ချ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေခံကောင်းများကို ဖော်ညွှန်း ပြဆိုနေခြင်းမှာ ပြည်သူများအပေါ် ထားရှိသည့် နိုင်ငံတော်၏ စေတနာပင်ဖြစ်သည်။



"ချောက်ကို ဘဏ်ငွေထုတ်ရအောင်လာတာပါ၊ ဆင်ဖြူကျွန်းနဲ့ ချောက် မိုင်၂၀ကျော်ဝေးပါတယ်။ အရင်ကဆို ချောက်မှာ ညအိပ်ရတယ်။ ခုတော့ ညမအိပ်ရတော့ဘူး၊ ငွေထုတ်ပြီး ချက်ချင်းပြန်လို့ရတယ်၊ နိုင်ငံတော်ရဲ့ ကျေးဇူးတွေပေါ့ဗျာ"

ဆင်ဖြူကျွန်းမှ
မောင်ကျော်

အချိန်ကုန်လူပန်း

ချောက်နှင့်ဆိပ်ဖြူသည် မကွေးတိုင်း မြေလတ်ဒေသတွင်းက မြို့နှစ်မြို့ဖြစ်ပြီး တစ်မြေတည်းတစ်ရေတည်း ထိစပ်နေသော်လည်း အလယ်တွင် ဧရာဝတီမြစ်ကြီး ခြားနေသဖြင့် ဆက်သွယ်ရေးလမ်းကြောင်းမဖြောင့်ဖြူးခဲ့ပေ။ ကုန်စည်စီးဆင်းမှုနှင့် သွားလာရေးများကို နှောင့်နှေးကြန့်ကြာခဲ့ရသည်။ လှေ၊ သမ္ဗန်၊ မော်တော်၊ စက်လှေနှင့် မြစ်ကူး ဇက်ရေယာဉ်များကိုသာ အားထားခဲ့ကြရသည်။ ထို့ကြောင့် အချိန်ကုန် လူပန်းပြီး ငွေလည်းကုန်ခဲ့ကြရသည်။

လမ်းညွှန်ချက်

ယခုမူ ပြောင်းလဲသွားခဲ့ပါပြီ။ တောင်ကိုတွေ့လျှင် ဥမင်ဖောက်မည်။ မြစ်ကိုတွေ့လျှင် တံတား

"တစ်သက်နဲ့တစ်ကိုယ် ဒီလိုတံတားကြီး ဖြစ်လာလိမ့်မယ်လို့ အိပ်မက်တောင်မမက်ခဲ့ဖူးပါဘူး"

ဦးစောထွန်း
မြင်းလှည်းဆရာ

ဆောက်မည်ဟူသော စကားအတိုင်း အနော်ရထာတံတား စီမံကိန်းကို ၁၉၉၅ခုနှစ် မေ၂၄ရက်က ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၉၅) အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်း အင်ဂျင်နီယာမှူးကြီး ဦးစိုးဟန် ဦးဆောင်၍ အင်ဂျင်နီယာဝန်ထမ်း၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင် ၂၆ရက်မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၀၁ခုနှစ် မတ်လ ၁၀ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ် ဧပြီ၄ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် အနော်ရထာတံတားကို အောင်မြင်စွာဖွင့်လှစ်ပေးခဲ့ကြောင်း၊ တံတားအရှည် ပေ ၅၀၉၀၊ ယာဉ်သွားလမ်း အကျယ် ခြောက်ပေ နှစ်လမ်း၊ တံတားအမျိုးအစားမှာ ပြင်ပတံတား အပေါ်ထည် သံမဏိ၊ သံပေါင်၊ အောက်ထည်၊ ဘိုးပိုင်အုတ်မြစ်နှင့် သံအားဖြည့် ကွန်ကရစ်တိုင်၊ ချဉ်းကပ်တံတား၊ အပေါ်ထည် သံအားဖြည့်ကွန်ကရစ် ရက်မနှင့် ကြမ်းခင်း (အောက်ထည်) သံအားဖြည့် ကွန်ကရစ်တိုင်နှင့် သံကူ ကွန်ကရစ်တိုင်ဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ အလေးယာဉ် တန်၆၀ဖြစ်ကြောင်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်တွင် တွေ့ရသည်။

မိမိသည် အနော်ရထာတံတား ချောက်ဘက်ကမ်း တံတားထိပ်မှ တံတားပေါ် ဖြတ်သန်းသွားလာ မောင်းနှင်နေကြသောကား၊ဆိုင်ကယ်၊ သုံးဘီးယာဉ်နှင့် မြင်းလှည်းများကို ငေးမောကြည့်ရှုရင်း ခရီးသည်များ၏ အပြုံးရိပ်များကို တွေ့မြင်နေရသည်။ ထို့နောက် ခရီးသည်များ၏ ရင်တွင်းစကားကို ကြားလိုသဖြင့် မေးမြန်းကြည့်မိသည်။

"ကျွန်တော်က ဆင်ဖြူကျွန်းကပါ၊ မောင်ကျော်လို့ ခေါ်ပါတယ်၊ အလုပ်က တောင်သူပါ။ ချောက်ကို ဘဏ်ငွေထုတ်ရအောင် လာတာပါ။ ဆင်ဖြူကျွန်းနဲ့ ချောက် မိုင်၂၀ကျော် ဝေးပါတယ်။ အရင်ကဆို ချောက်မှာ ညအိပ်ရတယ်။ ခုတော့ ညမအိပ်ရတော့ဘူး၊ ငွေထုတ်ပြီး ချက်ချင်း ပြန်လို့ရတယ်၊ နိုင်ငံတော်ရဲ့ ကျေးဇူးတွေပေါ့ဗျာ"

ထို့နောက် ချောက်နှင့် ဆိပ်ဖြူ ပြေးဆွဲနေသော သုံးဘီးဆရာတစ်ဦးက-

"ချောက် အနော်ရထာ တံတားကြီးကြောင့် ကျွန်တော်တို့ သုံးဘီး သမားတွေ ဝင်ငွေဖြောင့်ကြပြီး မိသားစုဘဝ ပြေလည်ကြပါတယ်၊ တစ်နေ့ကို ချောက်နဲ့ဆိပ်ဖြူကို လေးငါးခေါက်တော့ ရပါတယ်၊ တံတား ဖြတ်သန်းခက တစ်ခေါက် ကျပ်၂၀၀ ပေးရပါတယ်၊ ခရီးသည်တစ်ဦး ကျပ် ၃၀၀ရပါတယ်။"

ဆိပ်ဖြူမြို့က ပဲကြော်၊ ပဲလှော် ထုတ်လုပ်ရောင်းချသည့် ဒေါ်ဌေးဌေးက ပြောကြားရာတွင်-

"ဒီအနော်ရထာ တံတားကြီး မတည်ဆောက်ရသေးခင်ကဆို ကျွန်မတို့ အတော်ဒုက္ခရောက်တယ်၊ ချောက်မြို့ကို လှမ်းမြင်နေရပေမယ့် အလှမ်းဝေးနေတယ်၊ လှေစောင့်ရ၊ မော်တော်စောင့်ရနဲ့ အချိန်လည်းကုန်၊ ငွေလည်းကုန်ပြီး ငွေကုန်လူပန်းဖြစ်ရပါတယ်။ ခုဆို ပဲလှော်၊ ပဲကြော်ထုပ်တွေ နံနက် ၈နာရီဆို ချောက်မြို့ဈေးထဲ အချိန်မီ ပို့နိုင်တယ်၊ စရိတ်လည်းမကုန်ဘူး၊ ချောက်ဈေးထဲကို ဖောက်သည်ပေးတာ ဖောက်သည်ဈေးက ပဲကြော် အစိတ်သား ကျပ်၆၀၀နဲ့ပေးတာ၊ အလုပ်ပြီးတာနဲ့ နံနက်စာအမီ ဆိပ်ဖြူပြန်ရောက်တယ်၊ ဈေးနားက သုံးဘီးရရ၊ မြင်းလှည်းရရ ကြုံရာနဲ့ ပြန်နိုင်တယ်။ အဆင်ကိုပြေလို့ ဒီအတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်"

ချောက်မြို့က မြင်းလှည်းဆရာ ဦးစောထွန်းကလည်း-

"တစ်သက်နဲ့တစ်ကိုယ် ဒီလို တံတားကြီး ဖြစ်လာလိမ့်မယ်လို့ အိပ်မက်တောင် မမက်ဖူးပါဘူးဗျာ၊ ကျွန်တော်တို့ မြင်းလှည်းသမားတွေအတွက် ချောက် - ဆိပ်ဖြူ လမ်းကြောင်းတစ်ခုရလာပြီး ဝင်ငွေလည်း ပိုရလာတာပေါ့။ တံတား ဖြတ်သန်းခက ကျပ်၁၀၀ ပေးရတယ်။ လူတစ်ဦး ကျပ်၂၀၀ယူပါတယ်၊ ဒီတံတားကြီး ပေါ်လာတဲ့အတွက် ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း မီးရေး၊ ထင်းရေးက အစ လုံခြုံစိတ်ချရတယ်။ အရေးပေါ်လူနာတွေ ဆေးရုံအမီရောက်နိုင်တယ်၊ ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်လာသလို စရိတ်စကတွေ သက်သာလာတဲ့အတွက် ကုန်ဈေးနှုန်းတွေလည်း ကျလာတာတွေ့ရတယ်" ဟု ရင်တွင်းစကားများ ကြားသိခဲ့ရသည်။

ယခုကဲ့သို့ အနော်ရထာတံတားကြီး တည်ဆောက်ပေးနိုင်မှုကြောင့် အနီးဝန်းကျင်ရှိ မြို့ရွာများမှ ပြည်သူများသည် ဒေသတစ်ခုမှ တစ်ခုသို့ သွားလာမှု အဆင်ပြေချောမွေ့လာကာ လူမှုစီးပွားဘဝ တိုးတက်ခိုင်မာခဲ့ပြီဖြစ်ပါကြောင်း ကွင်းဆင်းစေ့ငုရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"ချောက် အနော်ရထာတံတားကြီးကြောင့် ကျွန်တော်တို့ သုံးဘီး သမားတွေ ဝင်ငွေဖြောင့်ပြီး မိသားစုဘဝ ပြေလည်ကြပါတယ်"

သုံးဘီးဆရာတစ်ဦး

အနော်ရထာတံတားကြီး တည်ဆောက်ပေးနိုင်မှုကြောင့် အနီးဝန်းကျင်ရှိ မြို့ရွာများမှပြည်သူများသည် ဒေသတစ်ခုမှတစ်ခုသို့ သွားလာမှု အဆင်ပြေချောမွေ့လာကာ လူမှုစီးပွားဘဝ တိုးတက်ခိုင်မာခဲ့ပြီ။

ချောက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့ကို ဆက်သွယ်ဆောက်လုပ်ထားသော အနော်ရထာတံတား(ချောက်)။

မြန်မာဖြစ်ရတာ ဂုဏ်ယူစရာ

ကြယ်စင်နိုင်

မြန်မာတို့၏ ရှည်လျားသော သမိုင်းကြောင်းကို ပြန်လည်ကြည့်မည်ဆိုလျှင် ပုံတောင်ဒေသတွင် တွေ့ရှိရသော လူတူမျိုးနွယ် ပရိုင်းမိတ်သည် နှစ်သန်း ၄၀ သက်တမ်းရှိပြီဖြစ်ကြောင်း ပြသနိုင်ခဲ့သဖြင့် **"လူသားအစ၊ မြန်မာက"** ဟူ၍ပင် ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုနိုင်ခဲ့ပြီဖြစ်သည်။

ပုဂံသည် အရှေ့တောင်အာရှတွင် အံ့သြဖွယ်အကောင်းဆုံး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေများ အကြွယ်ဝဆုံးနေရာအဖြစ် ဂုဏ်ယူဖွယ်တည်ရှိနေပါသည်။ ဗုဒ္ဓသာသနာရောင်ဝါ ထွန်းကားခဲ့ပုံများ၊ ဗိသုကာလက်ရာ၊ နံရံဆေးရေးပန်းချီ အနုပညာလက်ရာများ၊ ပန်းဆယ်မျိုးပညာတို့ အံ့မခန်း တိုးတက်လာခဲ့ပုံများကို ပုဂံရှိ သာသနိကအဆောက်အအုံများတွင် အထင်အရှားတွေ့မြင်နိုင်ပါသည်။ ထိုသို့ စေတီပုထိုး၊ မြို့ရိုးစသည့် အရာများသာမက ဘာသာအယူ၊ ယုံကြည်ကိုးကွယ်မှု၊ ကိုယ်နှုတ်အမူအရာ စသည့် အရာများလည်း ရှိခဲ့ပါသည်။ ထိုယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းကြရမည်မှာ အမျိုးသားရေးတာဝန်ပင် ဖြစ်ပါသည်။ ခေတ်အဆက်ဆက်အလိုက် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာပုံကို သိရှိမြင်တွေ့ရရုံနှင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုများကိုပါ လှမ်းမျှော် မြင်ယောင်ကြည့်နိုင်ပြီဖြစ်သည်။ ဘာသာတရား ကိုင်းရှိုင်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ သဒ္ဓါတရား ထက်သန်ခြင်း၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ခြင်း စသော စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုများကိုလည်း မြင်တွေ့ခွင့်ရရှိခဲ့ပါသည်။

ပုဂံသည် အရှေ့တောင်အာရှတွင် အံ့ဖွယ်အကောင်းဆုံးသော ယဉ်ကျေးမှုများ ပေါကြွယ်ဝသည့် နေရာဖြစ်သလို ဗုဒ္ဓသာသနာ နေလိုလလို ထွန်းပခဲ့သော နေရာလည်းဖြစ်ပါသည်။ အံ့မခန်းဖွယ် ဗိသုကာလက်ရာ၊ နံရံဆေးရေး ပန်းချီလက်ရာ၊ ပန်းဆယ်မျိုး အတတ်ပညာတို့ တိုးတက်ထွန်းကားခဲ့ရုံမျှမက မြန်မာတို့၏ ဘုန်းလက်ရုံး အရှိန်တက်ခဲ့သည့် ကာလလည်းဖြစ်ပါသည်။ ပုဂံခေတ်၏ စည်းလုံးညီညွတ်မှု၊ အားမာန် သတ္တိပြည့်ဝမှုနှင့် ဉာဏ်ပညာ ထက်မြက်မှု စသည့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများကိုလည်း တွေ့ရှိခဲ့ရပါသည်။

ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်များတွင်လည်း စာပေ၊ ဂီတစသည့် အနုသုခုမလက်ရာများ တိုးတက်ထွန်းကားခဲ့ပုံကို ပေ၊ ပုရပိုက်များမှတစ်ဆင့် သိရသည့်အတွက် ထိုခေတ်မြန်မာများ၏ သိမ်မွေ့ညင်သာမှု၊ ဉာဏ်ပညာကြီးမြတ်မှုနှင့်အေးဆေးနူးညံ့မှုများကိုတွေ့ရှိခဲ့ရပါသည်။

ထိုသို့ ယဉ်ကျေးမှုအရည်အသွေး မြင့်မားသည့် ရှေးမြန်မာများမှ ဆင်းသက်ပေါက်ဖွားလာသည့် ယနေ့မျိုးဆက် လူငယ်များသည် ခေတ်အဆက်ဆက်က မြင့်မားအောင် ကြိုးစားလာသည့် ယဉ်ကျေးမှု အမွေအနှစ်များကို ပိုမိုမြင့်မားအောင် ကြံစည်ကြိုးစားသင့်ပေသည်။ ကျောက်ခေတ်၊ သံခေတ်မှစ၍ လူအင်အားနှင့်တည်ဆောက်ခဲ့ရသော ပစ္စည်းများ၊ အဆောက်အအုံများကို ခေတ်မီစက်ကိရိယာများ အကူအညီဖြင့် လျင်မြန်စွာတည်ဆောက် ပြီးစီးနိုင်ခဲ့ပြီဖြစ်သည်။ ရှေးက မြင်းများ၊ လှည်းများဖြင့် နေ့ပေါင်းများစွာ သွားရသည့် ခရီးကို နာရီပိုင်းအတွင်းရောက်အောင် သွားလာနိုင်ပြီ ဖြစ်သည်။

အရှိန်အဟုန်ဖြင့်တိုးတက်နေသည့် ယနေ့ခေတ်တွင် Globalization ကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဆက်ဆံရေးများ တိုးတက်လာပြီး တိုင်းပြည်အသီးသီးသည် အကာအရံမရှိတော့သလို ဖြစ်သွားပါသည်။ ကမ္ဘာကို ရွာတစ်ရွာသဖွယ် ကျုံ့သွားအောင် နည်းပညာများနှင့်ဖန်တီးခဲ့ကြ ပြီးနောက်တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယဉ်ကျေးမှုများ ကူးလူးစိမ့်ဝင်ကုန်ပါသည်။ အားကြီးသည့်နိုင်ငံ၊ နည်းပညာဖွံ့ဖြိုးသည့်နိုင်ငံက ယဉ်ကျေးမှုများသည် နိုင်ငံငယ်များအပေါ် လွှမ်းမိုးရန် ဟန်ပြင်လာပါသည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် မြန်မာနိုင်ငံအနေဖြင့် ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့သည့် ယဉ်ကျေးမှုများ ဆုံးရှုံးပျောက်ကွယ်မည်ကို စိုးရိမ်ဖွယ်ဖြစ်ပါသည်။ ရှေးမြန်မာများသည် မြန်မာ့ယဉ်ကျေးမှုကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းပြီး မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြပါသည်။ ဘာသာ ဓလေ့ထုံးစံများကြောင့် ယဉ်ကျေးစာနာမှု၊ ကျေးဇူးတရားနားလည်မှုနှင့် သည်းခံတတ်မှုများကိုလည်း အမွေထားရစ်ခဲ့ပါသည်။

နည်းပညာခေတ်ကြီးတွင် ယဉ်ကျေးမှုများ အရှိန်အဟုန်နှင့် တိုးတိုက်မိကြရာ မိမိယဉ်ကျေးမှုဓလေ့များ မပျောက်ပျက်အောင် သက်လုံကောင်းကောင်းဖြင့် ကာကွယ်နိုင်ရန် ခိုင်မာသည့် အမျိုးသားရေးအသိသည် အရေးကြီးလှပေသည်။ **"ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်"** ဟူသော စကားကို အသည်းထဲစွဲအောင်မှတ်သား၍ အရိုးကိုအရွက်မဖုံးရအောင် ကာကွယ်ရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၊ မြန်မာ့ဝတ်စားဆင်ယင်မှုဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲများကို လူငယ်များအတွက် ကျင်းပပေးလျက်ရှိပါသည်။ ယဉ်ကျေးမှု အမွေအနှစ်များကိုပါ မျိုးဆက်သစ်တို့အတွက် ထားရစ်ခဲ့ပေသည်။ အမျိုးကိုချစ်ခြင်း၊ ဇာတိသွေး၊ ဇာတိမာန်နိုးကြား တက်ကြွခြင်း၊ ရိုးသားခြင်း၊ ရဲရင့်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ဘာသာတရားကိုင်းရှိုင်းခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းခြင်း၊ စည်းလုံးခြင်း၊ ကျေးဇူးတရားနားလည်ခြင်း၊ ယဉ်ကျေးစာနာခြင်းတို့သည် ဘိုးဘေးတို့ လက်ဆင့်ကမ်းခဲ့သည့် ကမ္ဘာ့အလယ်တွင် မြန်မာဟု သိသာထင်ရှားစေသော စရိုက်လက္ခဏာများပင်ဖြစ်ပေသည်။ ထိုသို့ မြတ်နိုးဖွယ် စရိုက်လက္ခဏာများသည် စာအုပ်စာပေထဲတွင်သာ ရှိနေခဲ့ပါလျှင် နှမြောတသ ဝမ်းနည်းကြေကွဲဖွယ်၊ ရှက်ရွံ့ဖွယ် အမျိုးသားရေး ဆုံးရှုံးမှုကြီးပင် ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် စစ်ရေးအင်အားသာသူက စစ်ရေး၊ စီးပွားရေး အင်အားသာသူက စီးပွားရေး၊ ဘာသာပြန့်ပွားနိုင်သူက ဘာသာရေး၊ ပညာထွန်းကားသူက ပညာရေး စသည်ဖြင့် အသီးသီး ဂုဏ်ယူဝင့်ကြွားကြရာတွင် မြန်မာတို့သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ပြီ ဖြစ်ပါသည်။

ထိုသို့မြန်မာတို့၏ ရှည်လျားသည့်သမိုင်းကြောင်းကို ကမ္ဘာကသိအောင် ပြသသည့်နေရာတွင် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် စေတီပုထိုး၊ ဂူ၊ ကျောင်း၊ ဇရပ်စသည့် သာသနိကအဆောက်အအုံများနှင့် ထိုအဆောက်အအုံ၌ နံရံဆေးရေးပန်းချီ အနုပညာလက်ရာများ၊ ပေ၊ ပုရပိုက်များ တူးဖော်ရရှိသည့် အိုးခြမ်းများ၊ ပုတီးစေ့များ၊ အရိုးအိုးများ၊ မြို့ဟောင်းများစသည်တို့သည် အလွန်အရေးပါလှပါသည်။ တူးရန်ကျန်ရှိသည့် ဇုန်နယ်မြေများလည်း အများအပြား ကျန်ရှိနေပေသေးသည်။ ထိုသို့ မြန်မာ့ယဉ်ကျေးမှုသမိုင်း၏ ပြယုဂ်များဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။ မတူးဖော်ရသေးသည့် ယဉ်ကျေးမှု အမွေအနှစ်များမှာ သဘာဝတရားက ထိန်းသိမ်းပေးထားပြီးနောက် လူငယ်မျိုးဆက်သစ်များ ဆက်လက်တူးဖော်၍ သမိုင်းကို မျက်ခြည်မပြတ် လေ့လာ စူးစမ်းနိုင်ပေမည်။ တူးဖော်ပြီးသော ယဉ်ကျေးမှုအမွေအနှစ်များကို သိပ္ပံနည်းကျ ဆောင်ရွက်လျက်ရှိပြီး ထိန်းသိမ်းကာကွယ်ရန် နိုင်ငံတော်အစိုးရက မီဒီယာမျိုးစုံမှ ပညာပေးဖော်ပြလျက်ရှိသည်။

ယနေ့ကမ္ဘာကို ကြည့်လိုက်လျှင် အမျိုးသားဝတ်စုံကို စွဲစွဲမြဲမြဲ ဝတ်ဆင်သောနိုင်ငံသည် မြန်မာတစ်နိုင်ငံတည်းသာရှိသည်ကို ဂုဏ်ယူဖွယ် တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ဝတ်စားဆင်ယင်မှု၊ အတွေးအခေါ်၊ ကျင့်ဝတ်ယုံကြည်မှုတို့ကို ကာကွယ်ထိန်းသိမ်းရပေမည်။

Globalization ကြောင့် ဝင်ရောက်လာသည့် အရာများထဲမှ အဖိုးတန်သည့် အရာကိုယူ၍ အဖိုးမတန်သည့်၊ နိုင်ငံနှင့်လူမျိုးကို အဆိပ်အတောက်ဖြစ်စေမည့်၊ ယဉ်ကျေးမှုကို တိမ်ကောပပျောက်စေမည့်အရာများကို ချန်ရစ်ထားနိုင်ရမည်ဖြစ်သည်။ ရှေးမြန်မာများသည် ကိုယ့်ယဉ်ကျေးမှုကို ရှင်သန်အောင် ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။ နယ်ချဲ့လက်အောက်ဘဝ ကျရောက်ခဲ့ရပြီး နှစ်ပေါင်းတစ်ရာကျော် ယဉ်ကျေးမှုတိမ်ကောခဲ့ရသည်ကို ပြန်လည်ထူထောင်နိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထား ချစ်ခင်စောင့်ရှောက်ခဲ့သည်ကို ယနေ့လူငယ်များ အတုယူရမည်ဖြစ်ပါသည်။

ထွန်းကားလာခဲ့သော ယဉ်ကျေးမှုများကို ဆက်လက်ထိန်းသိမ်း၍ မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို ကမ္ဘာနှင့်အညီ ထပ်မံဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်ရမည်ဖြစ်ပါသည်။ ယနေ့မြန်မာတို့သည် ရှေးမြန်မာများ ထိန်းသိမ်းခဲ့ကြသော ယဉ်ကျေးမှုအမွေအနှစ်များကြောင့် ဂုဏ်ယူနိုင်ခဲ့ကြသလို နောင်မျိုးဆက်သစ်များက ဂုဏ်ယူဝင့်ကြွားနိုင်ရန် မိမိတို့၏ယဉ်ကျေးမှုသမိုင်းလမ်းကြောင်းကို ဖွံ့ဖြိုးရှင်သန်အောင် ကြိုးစားအားထုတ်ရန်မှာ ယနေ့လူငယ်များ မဆုတ်မနစ်ထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။

အမှန်စင်စစ် မြန်မာတို့သည် ခေတ်အဆက်ဆက်ကတည်းက ကိုယ့်ရေမြေ၊ ကိုယ့်စရိုက်သဘာဝရာသီဥတုနှင့် ကိုက်ညီမည့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို တည်ဆောက်လာခဲ့ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာတို့သည် ကိုယ့်စရိုက်သဘာဝနှင့်ကိုက်ညီမည့် ဝတ်စားဆင်ယင်ပုံ၊ စားသောက်ပုံ၊ နေထိုင်ပုံတို့ကို ဆင့်ကဲတိုးတက် တီထွင်ပြောင်းလဲခဲ့ကြပြီး ယနေ့ထိ တည်တံ့အောင် ဆက်လက်ကာကွယ်စောင့်ရှောက် ထိန်းသိမ်းခဲ့ကြခြင်း ဖြစ်ပါသည်။

ရိုးသားခြင်း၊ ယဉ်ကျေးခြင်း၊ ဖော်ရွေပျူငှာခြင်း၊ သည်းခံရောင့်ရဲခြင်း စသည်တို့သည် မြန်မာကိုကမ္ဘာကသိစေခဲ့သော စိတ်ဓာတ်သရုပ်များပင်ဖြစ်ပါသည်။ ထို့အပြင် မဟုတ်မခံတတ်သော "မြန်မာ့သတ္တိ"သည်လည်း ကမ္ဘာက အလေးထား သတိပြုရသည့် ဘိုးဘွားအမွေတစ်ရပ် ဖြစ်ပါသည်။ ပျော်ရွှင်ဖွယ်၊ စိတ်ဝင်စားဖွယ်ကောင်းလှသော မြန်မာ့ရိုးရာပွဲတော်များကလည်း မြန်မာတို့၏ စည်းလုံးညီညွတ်မှု၊ ရိုးပင်းမှု၊ ဘာသာတရားကိုင်းရှိုင်းမှု စသည်တို့ကို ယနေ့ထက်တိုင် တွေ့နေရခြင်းသည်လည်း ဝမ်းမြောက်ဖွယ်ပင် ဖြစ်ပါသည်။

မြန်မာ့သမိုင်းကြောင်းကို ပြန်ကြည့်လျှင် သမိုင်းမတင်မီကတည်းက ယဉ်ကျေးမှုစတင်ခဲ့ပြီး ခေတ်အလိုက် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ခိုင်ခိုင်မာမာရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ဘာသာ၊ စာပေ၊ အနုပညာ စသည်ဖြင့် အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခဲ့ပြီး ယနေ့တိုင် ကမ္ဘာတွင် "မြန်မာဟေ့" ဟု ခိုင်ခိုင်မာမာ ရပ်တည်နေဆဲဖြစ်ပါသည်။ ထိုသို့ ဂုဏ်ယူဖွယ် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး အနာဂတ်မျိုးဆက်သစ်များ လက်ထဲသို့ ယဉ်ကျေးမှုများ လက်ဆင့်ကမ်း အမွေပေးနိုင်ခဲ့လျှင် ကမ္ဘာတွင် မြန်မာဖြစ်ရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင် ဖြစ်ပါတော့သည်။ ။

ယနေ့မြန်မာတို့သည် ရှေးမြန်မာများထိန်းသိမ်းခဲ့ကြသော ယဉ်ကျေးမှု အမွေအနှစ်များကြောင့် ဂုဏ်ယူနိုင်ခဲ့ကြသလို နောင်မျိုးဆက်သစ်များက ဂုဏ်ယူဝင့်ကြွားနိုင်ရန် မိမိတို့၏ ယဉ်ကျေးမှုသမိုင်းလမ်းကြောင်းကို ဖွံ့ဖြိုးရှင်သန်အောင် ကြိုးစားအားထုတ်ရန်မှာ ယနေ့လူငယ်များ မဆုတ်မနစ် ထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်ပင်ဖြစ်။

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်လမ်းတံတား နှစ်(၃၀)စီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ၂၇ရက်က စီမံကိန်းဝင်လမ်းတစ်လမ်းဖြစ်သည့် မြို့သစ်ဝါးကြီးအိုင်လမ်း မြေသားလမ်းဖောက်လုပ်နေမှုကို အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရွှေညောင်ပင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော စံချိန်မီ ရပ်ကွက် ရွှေညောင်ပင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါလမ်းမုခ်ဦးနေရာ၌ ကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါလမ်းဖွင့်ပွဲတွင် ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆောင်ရွက်ပေး

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည် ၃၂၄ပေနှင့် အကျယ် ၁၂ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၄၃ဒသမ၇၅သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာပေဟောပြောပွဲ ထန်းတပင်မြို့၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

တောင်ငူခရိုင် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ထန်းတပင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၉ရက် ည၇နာရီက ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ တတိယအကြိမ်မြောက် စာဆိုတော်နေ့အထိမ်းအမှတ် စာပေအနုပညာ ဟောပြောပွဲကို ကျင်းပရာ ရန်ကုန်မြို့မှ စာရေးဆရာ အဆိုတော်ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီသုမောင်၊ စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ အမျိုးသားစာပေဆုရ စာရေးဆရာကောင်းသန့်နှင့် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က စာပေအနုပညာရေးရာများ ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ထန်းတပင်မြို့နယ်စာကြည့်တိုက်အတွက် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သောစာအုပ်များကို စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ၄က်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွှဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ်	၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ



ဖေဖော်ဝါရီ၁၂ရက်က (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မရမ်းကုန်းမြို့နယ် အထက(၁) စန္ဒိမာခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်း ဖတ်ကြားစဉ်။ (၁၁၁)

ဖေဖော်ဝါရီ၁၂ရက်က (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ကျောက်တံတားမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးထွေးမြင့် ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားဟောင်းများ
အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၁၀ရက် (တပေါင်းလပြည့်နေ့) နံနက်၉နာရီမှ ၁၁နာရီအထိ ရန်ကင်းစင်တာနှင့် ဗဟိုဘဏ်ကြားရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ် သိရှိလိုသူများ၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်း ပါဝင်လှူဒါန်းလိုသူများသည် မမေမြတ်သောင်း ဖုန်း-၅၇၀၃၇၂(၉၂)၊ ကိုမျိုးမင်းဦး ဖုန်း-၀၉-၅၀-၈၂၄၈၅၊ ၇၀၃၃၇၅(၉၃)၊ မခင်လတ်လတ်ထွန်း ဖုန်း-၀၉-၅၀-၆၉၇၃၁(၉၃)၊ မကြည်ကြည်သန့် ဖုန်း-၀၉-၅၁-၈၁၅၂၀(၉၄)၊ မထားအိဝင်း ဖုန်း-၀၉-၅၁-၀၂၆၆၈(၉၅)၊ မခင်ကျော့ကေခိုင် ဖုန်း-၀၉-၅၁-၁၉၉၁၇(၉၇)၊ မမျိုးမြတ်မွန် ဖုန်း-၃၈၁၇၃၃(၉၇)၊ မပန်းဖြူမွှေး ဖုန်း-၀၉-၉၉-၇၃၄၈၀(၉၇)၊ ကိုဇော်မင်းလွင် ဖုန်း-၀၉-၅၁-၉၆၉၇၂(၉၇)နှင့် မသူဇာဝင်း ဖုန်း-၂၄၃၂၆၇၊ ၅၄၀၃၂၆(၉၈)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဟိုက်လတ်စားတော်ဆက် မင်္ဂလာခန်းမတွင် ဖေဖော်ဝါရီ ၁၅ရက်က ဆင်ဖြူကျွန်းအသင်း (ရန်ကုန်) ဖြစ်မြောက်ရေးကော်မတီမှ ၂၀၀၇ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆု ချီးမြှင့်ခြင်းခံရသော ဆင်ဖြူကျွန်းအောင်သိန်းအား ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပရာ စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်း(ဦးကြည်အေး)က သြဝါဒစကားပြောကြားစဉ်။ (၀၉၈)

ကာကွယ်ဆေးတိုက်ကျွေး

မွေးကင်းစမှ ငါးနှစ်အရွယ်ထိ ကလေးငယ်များအား ၂၀၀၉ ခုနှစ် အမျိုးသားကာကွယ်ဆေး ဒုတိယအကြိမ်တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၇ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလ ရပ်ကွက်တွင် ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း ပါဝင်ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ငြိမ်း ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေး တိုက်ကျွေးစဉ်။ (၁၂၃)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

လမ်းပိတ်ဆို့မှု ရှင်းလင်းပေးစေချင်

စာတည်းခင်ဗျား-

မြဝတီမြို့၏ ဘုရင့်နောင်ဈေးကြီးနံဘေး သစ္စာလမ်းပေါ်တွင် ရောင်းချနေသော ဈေးဆိုင်များနှင့် လမ်းမပေါ်တွင် ရပ်နားနေကြသော အငှားယာဉ်ဆိုက်ကားများကြောင့် လမ်းပိတ်ဆို့ပြီး လမ်းသွားလမ်းလာများ သွားလာရန် ခက်ခဲလျက်ရှိပါ၍ သတ်မှတ်နေရာများတွင် ရောင်းချ၊ ရပ်နားစေရေးအတွက် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

သစ္စာလမ်းသား

ရေဆိုးများလျှံကျ၍ လမ်းပျက်စီးနေ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်ရှိ လမ်းများတွင် နောက်ဖေးမြောင်းနှင့် အိမ်ရှေ့မြောင်း မရှိသဖြင့် လမ်းအလယ်ပိုင်းမှစတင်ကာ ရေဆိုးများ လျှံကျနေပါ၍ လမ်းမှာပျက်စီးပြီး ပြည်သူများ သွားလာမှုခက်ခဲနေပါသဖြင့် သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သီရိလမ်းသား

တာယာဆိုင်အညှော်နံ့ ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် ကမ်းနားလမ်း သဘာဝဓာတ်ငွေ့ဆိုင်နှင့် ဒီဇယ်ဆိုင်ကြားရှိ တာယာဆိုင်မှ တာယာအညှော်နံ့၊ မီးခိုးနံ့များကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပြီး စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတာယာလုပ်ငန်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အညှော်နံ့မခံနိုင်သူ

ကျူးကျော်ဆိုင်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

မော်လမြိုင်ကျွန်းမြို့ ခေတ်ဆန်(၁၁)လမ်း မြို့မဈေးကြီး အရှေ့လမ်းမကြီးပေါ်ရှိ ဆိုင်ခန်းများသည် ရောင်းချသည့်ပစ္စည်းများကို လမ်းမပေါ်သို့ ကျူးကျော်ချထားပါ၍ လမ်းသွားလမ်းလာနှင့် စက်ဘီး၊ ဆိုက်ကားများမှာ အခက်အခဲကြုံတွေ့နေရပါသည်။ သို့ပါ၍ အဆိုပါကျူးကျော်ဆိုင်များကို သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မော်ကျွန်းသား

ဆောင်းဘောက်သံကြောင့် အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

မိုင်းဖြတ်မြို့ ကွက်သစ်ရပ်ရှိ ကာရာအိုကေဆိုင်များသည် သတ်မှတ်ချိန် ကျော်လွန်ပြီး ဆောင်းဘောက်သံ ကျယ်လောင်စွာဖွင့်ခြင်း၊ အချိန်မတော် ဆိုင်ကယ်များ ဝင်ထွက်၍ ဆူညံမှုကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကာ ကောင်းစွာအိပ်မရဘဲ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မိုင်းဖြတ်သား

သုမင်္ဂလာလမ်း အသုံးပြုမရ၍ လမ်းသစ်ခင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှိုင်သာယာ (၁၉)ရပ်ကွက် သုမင်္ဂလာလမ်းသည် ပျက်စီးနေပါ၍ လမ်းသစ်ခင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေလမ်းသားများ

လမ်းဘေးကျူးကျော်ဆိုင်ခန်းများ ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

ရွှေဘိုခရိုင် လှတောကျေးရွာရှိ မန္တလေး-ရွှေဘို-ဝက်လက်လမ်းဆုံတွင် လမ်းဘေးကျူးကျော်ဆိုင်ခန်းများနှင့် စည်းကမ်းမရှိ ရပ်နားသောယာဉ်များကြောင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ရှိစေနိုင်ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လှတောသား

ကြို့ပင်ကောက်ဈေးအိမ်သာခ ဈေးနှုန်းညှိနှိုင်းဆောင်ရွက်ပြီး

၂-၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာဈေးရှိ ဈေးအိမ်သာခ ကောက်ခံငွေ ချိုသာသော ဈေးနှုန်း သတ်မှတ်ပေးပါ**ပေးစာနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စိစစ် ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဝက်အော်သံဆူညံမှု ဆောင်ရွက်ပြီးစီး

၁၅-၉-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် (၉)လမ်း အပိုင်း(၃) တောင်ဘက်ရှိ ရပ်ကွက်အတွင်း ဝက်အော်သံဆူညံ** ပေးစာနှင့်ပတ်သက်၍ စိစစ် ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အင်္ဂလန်လက်ရွေးစင်နှင့် ဂလက်ဆီကစားသမားဘက်ခမ်း အေစီမီလန်၌ အမြဲတမ်းစာချုပ်ဖြင့် ဆက်ကစားလိုဟုဆို

မီလန် ဖေဖော်ဝါရီ ၁၅

အီတလီ ထိပ်သီးကလပ် အေစီမီလန်တွင် အမြဲတမ်းစာချုပ်ဖြင့် ဆက်ကစားလိုကြောင်း အင်္ဂလန်ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘက်ခမ်းက ဖွင့်ဟပြောကြားခဲ့သည်။

အသက်(၃၃)နှစ်ရှိ ဘက်ခမ်းသည် အမေရိကန်နိုင်ငံ မေဂျာလိဂ်အသင်းဖြစ်သည့် လော့စ်အိန်ဂျလိစ် ဂလက်ဆီအသင်းမှ အေစီမီလန်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသူဖြစ်သည်။ မေဂျာလိဂ်ဘောလုံးအဖွဲ့ချုပ် အကြီးအကဲ ဒွန်ဂါဘာက ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၃ရက်က အသင်းနှစ်သင်း ဒူးတိုက်ဆွေးနွေးသဘောတူညီမှုရရန် စီစဉ်ပေးခဲ့သည်။

ငြင်းဆိုခဲ့

ယခင်ကအီတလီတွင် ဆက်ကစားလိုသူ ဘက်ခမ်းအား ပြောင်းရွှေ့ကြေးပေါင်ငါးသန်းဖြင့် အေစီမီလန်က ကမ်းလှမ်းခဲ့မှုကို ဂလက်ဆီအသင်းက ငြင်းဆိုခဲ့သည်။ သို့သော်လည်း အေစီမီလန်သည် ယခုအခါ ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်းပေးမည်ဟု သတင်းများတွင် ဖော်ပြသည်။

စွန့်လွှတ်ရမည်

မိမိတို့အနေဖြင့် ဘက်ခမ်းအား ဆက်လက်ခေါ်ယူနိုင်ရေးအတွက် ငွေကြေးအရ စွန့်လွှတ်ရမည်ဖြစ်ကြောင်း၊ ဘက်ခမ်းသည် မိမိတို့၏ အေစီမီလန်အသင်းအတွက် အရေးပါသော ကစားသမားတစ်ဦးဖြစ်သည့်အတွက် မဖြစ်မနေ ခေါ်ရမည်ဖြစ်ကြောင်း အေစီမီလန်နည်းပြ အန်ဆယ်လော့တီက ထုတ်ဖော် ပြောကြားခဲ့သည်။ ဘက်ခမ်း၏ အေစီမီလန်နှင့်အငှားစာချုပ် သက်တမ်းသည် လာမည့် မတ်လစရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

(အင်တာနက်)

နှလုံးခွဲစိတ်ထားသည့် နယူးကာဆယ်နည်းပြ ကင်နီယာ သီတင်း ရှစ်ပတ်ခန့် အနားယူရဖွယ်

လန်ဒန် ဖေဖော်ဝါရီ ၁၅

နယူးကာဆယ်နည်းပြ ဂျိုးကင်နီယာသည် နှလုံးခွဲစိတ်မှု ပြုလုပ်ပြီးနောက် နှစ်လခန့် အနားယူရန် လိုအပ်မည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

ခံစားခဲ့

အသက်(၆၂)နှစ်ရှိ ကင်နီယာသည် နှလုံးရောဂါရှိသူဖြစ်ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီ ၇ရက်တွင် နယူးကာဆယ်က ဝက်ဘရွန်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသော ပွဲမတိုင်မီ ယင်းရောဂါကို ခံစားခဲ့ရသေးသည်။

အနားယူခဲ့ရ

ကင်နီယာသည် ဝင်ဘယ်လ်တန်အသင်းကို တာဝန်ယူစဉ် လွန်ခဲ့သော ၁၀နှစ်က နှလုံးရောဂါစတင်ရရှိခဲ့ပြီး ဘောလုံးအသင်းအား ကိုင်တွယ်နည်းပြခြင်းမှ နှစ်ပေါင်းများစွာ အနားယူခဲ့ရသူဖြစ်သည်။

တာဝန်ယူကိုင်တွယ်

အကယ်၍ ကင်နီယာသည် နှစ်လခန့် အနားယူပြီး ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပါက ယခုရာသီ လက်ကျန် ပရီမီယာလိဂ် ပွဲစဉ်ခြောက်ပွဲကိုသာ ကိုင်တွယ်နည်းပြရဖွယ်ရှိတော့သည်။ ၎င်းအနားယူနေစဉ် လက်ထောက်နည်းပြ ခရစ်ဟတ်ချ်တန်သည် ကျန်လက်ထောက်နည်းပြ ကောလင်းကယ်လ်ဒါဝုဒ်နှင့်အတူ အသင်းအား တာဝန်ယူကိုင်တွယ်ရမည်ဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့ဝင်ငွေအကောင်းဆုံးကလပ် ရီးရဲမက်ဒရစ်

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဉာဏ်ဟိန်းစိုး - စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၁၅

ကမ္ဘာပေါ်မှာ ဝင်ငွေအကောင်းဆုံးကလပ် ဘောလုံးအသင်းတွေကို ဒီလွိုက်တီက စာရင်းပြုစုထုတ်ပြန်တဲ့အခါ ရီးရဲမက်ဒရစ်က ထိပ်ဆုံးနေရာက ရပ်တည်နေပြီး မန်ယူအသင်းက ဒုတိယနေရာမှာ ရပ်တည်နေပါတယ်....

ရီးရဲမက်ဒရစ်အသင်းဟာ ဒီနှစ်အတွက် ဝင်ငွေ အကောင်းဆုံး ဘောလုံးအသင်းအဖြစ် ရွေးချယ်ခံရတာဟာ လေးနှစ်ဆက်တိုက်ထိပ်ဆုံးနေရာကနေပြီးရပ်တည်နိုင်ခြင်းလည်းဖြစ်ပါတယ်။

ဖော်ပြ

တကယ်တော့ မန်ယူအသင်းဟာ ရီးရဲမက်ဒရစ်အသင်း မတိုင်မီက ကမ္ဘာ့ဝင်ငွေအကောင်းဆုံးကလပ် ဘောလုံးအသင်းအဖြစ် နှစ်အတန်ကြာ ပထမနေရာကရပ်တည်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ယခုနှစ်မှာ ပရီမီယာလိဂ်ထိပ်တန်းဘောလုံး အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးက ပဥ္စမ၊ အာဆင်နယ်က ဆဋ္ဌမနဲ့ လီဗာပူးက သတ္တမနေရာမှာ အသီးသီးရပ်တည်နိုင်ကြတယ်လို့ ဖော်ပြထားပါတယ်။



မြူးနစ် အသင်းက ဝင်ငွေပေါင်၂၃၃ဒသမ၈သန်း နဲ့ စတုတ္ထနေရာမှာရှိနေပြီး ချယ်လ်ဆီးကတော့ ဝင်ငွေ ပေါင် ၂၁၂ဒသမ၉သန်းနဲ့ ပဥ္စမနေရာမှာ ရှိနေခဲ့ပါတယ်။

တိုးမြင့်ရရှိ

ရီးရဲမက်ဒရစ် အသင်းဟာပြီးခဲ့တဲ့ ဘောလုံးရာသီက ဝင်ငွေ လေးရာခိုင်နှုန်း တိုးတက်ရရှိခဲ့သလို မန်ယူအသင်းလည်း ဝင်ငွေ တိုးမြင့်ရရှိခဲ့ပါတယ်။ ဒါပေမယ့် ငွေကြေးလည်ပတ်မှုအပိုင်းမှာ ရီးရဲမက်ဒရစ်က ပိုမိုများပြီး ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ ဝင်ငွေဟာ ပေါင်၂၈၉ ဒသမ ၆သန်းအထိ ရရှိခဲ့ပြီး ထိပ်ဆုံးက ရပ်တည်နိုင်ခြင်းလည်း ဖြစ်ပါတယ်။

ရပ်တည်

မန်ယူအသင်းကတော့ ဝင်ငွေပေါင် ၂၅၇ဒသမ၁သန်းရရှိပြီး ဒုတိယနေရာမှာရှိနေသလို ဘာစီလိုနာအသင်းက ပေါင်၂၂၄ ဒသမ၄သန်းနဲ့ တတိယနေရာမှာ ရပ်တည်နေပါတယ်။ ဘိုင်ယန်

ထုတ်ပြန်ထား

အစီအစဉ်တိုင်း ဖော်ပြထားတာကတော့ အာဆင်နယ် ပေါင်၂၀၉သန်း၊ လီဗာပူးပေါင် ၁၆၇သန်း၊ အေစီမီလန်ပေါင် ၁၆၅ဒသမ၈သန်း၊ ရိုးမားပေါင် ၁၃၈ဒသမ ၉သန်း၊ အင်တာမီလန်ပေါင် ၁၃၆ ဒသမ၉သန်းတို့ဖြစ်ပါတယ်။ ဒီစာရင်းတွေဟာ ပြီးခဲ့တဲ့၂၀၀၇-၂၀၀၈ဘောလုံးရာသီမှာ ရရှိခဲ့တဲ့ ဝင်ငွေတွေပေါ်မှာ အခြေခံပြီး ထုတ်ပြန်ထားတာဖြစ်ပါတယ်။

အားလုံးခြုံပြီးကြည့်ရင်တော့ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ ကမ္ဘာ့အချမ်းသာဆုံးကလပ်တွေရဲ့ စုစုပေါင်းဝင်ငွေဟာ ခြောက်ရာခိုင်နှုန်းမြင့်တက်ခဲ့တယ်လို့ ဆိုပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

(အင်တာနက်)

အိုလံပစ်ရွှေတံဆိပ်ဆုရှင် ဂျိမ်းစ်ဒီဂေးလ် ပွဲဦးထွက်ကြေးစားပြိုင်ပွဲအဖြစ် တီချီလာရီယာနှင့်ထိုးမည်

လန်ဒန် ဖေဖော်ဝါရီ ၁၅

အိုလံပစ်တွင် ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သူ လက်ဝှေ့သမား ဂျိမ်းစ်ဒီဂေးလ်သည် ၎င်း၏ပွဲဦးထွက် ဆုကြေးစားလက်ဝှေ့ပြိုင်ပွဲအဖြစ် ဂျော်ဂျီယာလက်ဝှေ့သမား ဇက်ပ်ခီယာတီချီလာရီယာနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ယှဉ်ပြိုင်ထိုးသတ်

မစ်ဒယ်ဝိတ်တန်း၌ ဒီဂေးလ်သည် လာမည့် ဖေဖော်ဝါရီ ၂၈ရက်တွင် ဘာမင်ဂမ်မြို့ရှိ အမျိုးသား မိုးလုံလေလုံအားကစားခန်းမ၌ အသက် ၂၁နှစ်အရွယ်ရှိ တီဘီလီဆီမှ တီချီလာရီယာနှင့် ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။

ဒီဂေးလ်၏ အိုလံပစ်လက်ဝှေ့ကစားဖော်ဖရန်ကီဂါဗင်သည် ဂျော်ဂျီယာလက်ဝှေ့သမား ဂျော့ချ်ကာဒါရီယာနှင့်လည်းကောင်း၊ ဘီလီဂျိုးဆောင်းဒါးသည် ဟန်ဂေရီလက်ဝှေ့သမား အက်တီလာမိုလ်နာနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

(အင်တာနက်)

၂၀၁၆ ဥရောပဖလား အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရေး ပြင်သစ် ဘောလုံးအဖွဲ့ချုပ် အဆိုတင်သွင်း

ပါရီ ဖေဖော်ဝါရီ ၁၅

ပြင်သစ်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အက်ဖ်အက်ဖ်)သည် လာမည့် ၂၀၁၆ ခုနှစ် ဥရောပဖလား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက် လျှောက်လွှာတင်သွင်းခဲ့ပြီးဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ယခင်က ဥရောပဖလား ဘောလုံးပြိုင်ပွဲကို ၁၉၈၄ ခုနှစ်နှင့် ကမ္ဘာ့ဖလားကို ၁၉၉၈ခုနှစ်တို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး နှစ်ကြိမ်စလုံး အောင်မြင်မှု ရရှိခဲ့သည်။

အဆိုတင်သွင်းနိုင်

၂၀၁၆ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရေးအတွက် ဥရောပနိုင်ငံအသီးသီးမှ ဘောလုံးအဖွဲ့ချုပ်များသည် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)သို့ လာမည့် မတ် ၉ရက်တိုင်အောင် အဆိုတင်သွင်းနိုင်ကြောင်း သိရသည်။

ဝေလနှင့်စကော့တလန်တို့ကလည်း ယခင်က အသင်း ၁၆သင်းအစား ၂၄သင်းသို့ တိုးချဲ့ယှဉ်ပြိုင်စေမည့် ၂၀၁၆ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် ပူးတွဲကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

လက်ခံကျင်းပ

စပိန်အသင်း ဖလားဆွတ်ခူးခဲ့သော ၂၀၀၈ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲကို ဩစတြီးယားနှင့် ဆွစ်ဇာလန်တို့ အိမ်ရှင်အဖြစ် ပူးတွဲကျင်းပခဲ့ပြီး ၂၀၁၂ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲကို ပိုလန်နှင့်ယူကရိန်းတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

(အင်တာနက်)

ဒဗလျူဘီစီ စူပါမစ်ဒယ်ဝိတ်ချန်ပီယံ ကားဖရော့ချ် ဂျာမိန်းတေလာနှင့်ယှဉ်ပြိုင်ထိုးသတ်ရေးနီးစပ်လာ

လန်ဒန် ဖေဖော်ဝါရီ ၁၅

လက်ဝှေ့ကျော်ကားဖရော့ချ်သည် ပထမဦးဆုံး ၎င်း၏ဒဗလျူဘီစီစူပါမစ်ဒယ်ဝိတ်သရဖူကာကွယ်ရေးအတွက် အမေရိကန်လက်ဝှေ့ကျော် ဂျာမိန်းတေလာနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူညီမှုရရေး နီးစပ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

စေ့စပ်ညှိနှိုင်းမှုများသည် မတင်မကျဖြစ်ခဲ့သေးသည်ဟုဆိုသည်။ သို့သော်လည်း



ယင်းလက်ဝှေ့ပွဲစဉ်သည် လာမည့်ဧပြီတွင် အမေရိကန်၌ ယှဉ်ပြိုင်ထိုးသတ်ရမည်ဟု ယုံကြည်ကြောင်း နော့တင်ဂမ်လက်ဝှေ့ကျော် ကားဖရော့ချ်က ပြောကြားသည်။

ပြောကြား

မိမိတို့နှစ်ဦး ယှဉ်ပြိုင်ထိုးသတ်ရေးသည် နီးစပ်လာပြီဖြစ်ကြောင်း၊ အကယ်၍ တေလာအနေဖြင့် အင်္ဂလန်တွင် လာရောက်ယှဉ်ပြိုင် ထိုးသတ်ခြင်းမပြုဟု ဆိုပါက မိမိကလည်း ယှဉ်ပြိုင်ထိုးသတ်မှုမပြုဟု ပြောကြားရန်စိတ်ကူးခဲ့ကြောင်း၊ သို့သော်လည်း မိမိအနေဖြင့် အမေရိကန်သို့ သွားရောက်လိုပြီး မည်သည့်နည်းဖြင့်မဆို ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားကြောင်း အသက်၃၁နှစ်ရှိ ကားဖရော့ချ်က ဘီဘီစီသို့ ပြောကြားခဲ့သည်။

(အင်တာနက်)

ဩစတြေးလျအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိုဆူဟွန်းနှင့် ချီယောင်မင် အငယ်ဆုံးကြယ်ပွင့်များဖြစ်လာ

လန်ဒန် ဖေဖော်ဝါရီ ၁၅

ဩစတြေးလျအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသက် ၁၂နှစ်အရွယ်ရှိ အိုဆူဟွန်းနှင့် ချီယောင်မင်အမည်ရှိ မိန်းကလေးနှစ်ဦးသည် အသက်အငယ်ဆုံး ဂေါက်သီးရိုက် အားကစားသမားများ စာရင်းဝင်လာခဲ့သည်။

လျှော့ရိုက်ခဲ့

အိုဆူဟွန်းသည် ကိုရီးယား-ဩစတြေးလျကပြား မိန်းကလေးချီယောင်မင်ထက် ရိုက်ချက် ၆ချက် လျှော့ရိုက်ခဲ့ရာ စုစုပေါင်း ၇၉ချက် ရိုက်ခဲ့သည်။

ဖွင့်ဟဝန်ခံ

ယင်းပွဲစဉ်တွင် ရိုက်ချက်ပေါင်း ၆၆ချက်ဖြင့် ဦးဆောင်ခဲ့သူ ယခင်ကမ္ဘာ့အဆင့်(၁)ဂေါက်သီးကစားသမားဟောင်း ကာရီ ဝက်ဘ်က ၎င်းအနေဖြင့် အဆိုပါ မိန်းကလေးနှစ်ဦးမမွေးဖွားမီ နှစ်နှစ်ကမှ ဂေါက်သီးကို ကျွမ်းကျင်ပိုင်နိုင်စွာ ရိုက်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကလေးများသည် အံ့သြဖွယ်ကောင်းလောက်အောင် ထူးချွန်ကြကြောင်း ဖွင့်ဟဝန်ခံခဲ့သည်။

ချီးကျူး

ယင်းမိန်းကလေး နှစ်ဦးသည် ဂေါက်သီးလောကတွင် အသက်အငယ်ဆုံး ဂေါက်သီးရိုက်အားကစားသမား မဟုတ်သေးချေ။ ထို့ထက် ချီးကျူးစရာကောင်းသည်မှာ ၂၀၀၇ခုနှစ် အယ်လ်ပီဂျီအေတိုး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သူ အသက် ၁၁နှစ်ရှိ အရီယာဂျူတာနူကန်အမည်ရှိ မိန်းကလေးဖြစ်သည်။

ကစားခဲ့

အိုဆူဟွန်းသည် ၂၀၀၄ခုနှစ်တွင် ကိုရီးယားမှ ဩစတြေးလျသို့ ပြောင်းရွှေ့လာသည့်အချိန်မှစပြီး ဂေါက်သီးရိုက် ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ဗြိတိသျှတင်းနစ်ကြယ်ပွင့် အန်ဒီမာရေးက ဆက်စကီ ရှုန်းကန် ရမည်ဟုဆို

လန်ဒန် ဖေဖော်ဝါရီ ၁၅

တင်းနစ်သမား ဂရက်ရှုဆက်စကီ အနေဖြင့် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာပါက အတော်ပင် ရှုန်းကန်ကြိုးစားရလိမ့်မည်ဟု ယုံကြည်ကြောင်း ဗြိတိသျှအဆင့်(၁)တင်းနစ်အကျော်အမော် အန်ဒီမာရေးက ထုတ်ဖော်ပြောကြားခဲ့သည်။

ပြင်းထန်နေ

မိမိအနေဖြင့် ရှုဆက်စကီအား အံ့သြမိကြောင်း၊ လူတိုင်းသည် ၎င်းတို့ မည်သည့်အရာကိုလုပ်ကိုင်လိုသည်ဟု ထုတ်ဖော်ပြောကြားရန် အခွင့်အရေးရှိကြောင်း၊ သို့သော်လည်း မိမိသာ တင်းနစ်လောကမှ အနားယူခဲ့ပါက ယင်းလောကသို့ ပြန်လည်ခြေဦးလှည့်တော့မည် မဟုတ်ကြောင်း၊ ရှုဆက်စကီအနေဖြင့် တင်းနစ်မကစားသည်မှာကြာနေပြီဖြစ်ပြီး ယခုအခါ ပြိုင်ဆိုင်မှုများ ပြင်းထန်နေပြီဖြစ်ကြောင်း အသက် (၂၁)နှစ်ရှိ မာရေးက ဂါးဒီးယန်းသတင်းစာသို့ ပြောကြားသည်။

(အင်တာနက်)

ဗြိတိသျှဂန္ထဝင် အပြေးမယ်ပေါ်လာ၏ မျိုးဆက်သစ်တီဝဲလ် ၂၀၁၂ခုနှစ် လန်ဒန်ပြေးခုန်ပစ်၌ ရွှေတံဆိပ်မျှော်မှန်း

လန်ဒန် ဖေဖော်ဝါရီ ၁၅

ဗြိတိန်နိုင်ငံမှ ဂန္ထဝင်ပြေးခုန်ပစ်ကြယ်ပွင့် ပေါ်လာရက်ကလစ်ဖ်၏နောက်တွင် အထူးချွန် အထက်မြက်ဆုံးသော တာဝေးအပြေးမယ်အဖြစ် ရေပန်းစားပြီး အလားအလာရှိနေသူ စတက်ဖ်တီဝဲလ်သည် ၂၀၁၂ခုနှစ်တွင် လန်ဒန်မြို့၌ ကျင်းပမည့် တာဝေးအပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်အောင် ကြိုးစားရန် ရည်မှန်းထားသည်။

ရည်ရွယ်

တီဝဲလ်သည် ပြီးခဲ့သည့်၂၀၀၈ခုနှစ်က ကမ္ဘာ့အငယ်တန်းမီတာ၁၅၀၀ အပြေးချန်ပီယံဖြစ်လာပြီးနောက် ယခုရာသီတွင် အကြီးတန်းတာဝေးအပြေးမယ်ဖြစ်လာပြီဖြစ်သည်။ ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်တွင် ရရှိခဲ့သော အောင်မြင်မှုမှ အတွေ့အကြုံများကိုရယူလျက် ၂၀၁၂ခုနှစ်တွင် အောင်မြင်မှုရရန် ရည်ရွယ်လျက်ရှိသည်။

ဖွင့်ဟ

မိမိအနေဖြင့် အမျိုးသမီးမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရလိုကြောင်း၊ရွှေတံဆိပ်ရရန် ထူးချွန်ရမည် ဖြစ်ကြောင်း၊ အိမ်ရှင်ပရိသတ်၏ရှေ့တွင် အောင်မြင်မှုရပြီး ဆုတံဆိပ်ဆွတ်ခူးနိုင်ပါက ကြီးကျယ်ခမ်းနားသော အောင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိသည် ရွှေတံဆိပ်ဆု ဆွတ်ခူးရယူနိုင်ရန် ခိုင်မာစွာ ရည်မှန်းကြိုးစားနေကြောင်း တီဝဲလ်က ဖွင့်ဟခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဖျာပုံမြို့နယ် စက်ဝကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်

ဖျာပုံ ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အချာလေးကျေးရွာအုပ်စု စက်ဝကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ နယ်မြေတာဝန်ခံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူး ဦးကျော်ဝင်းဦး၊ အလှူရှင် Fritz Werner Induserie Ausruesrestungen(Germany) မှ မန်နေဂျင်းဒါရိုက်တာနှင့် လက်ထောက်ပညာရေးမှူး ဦးတိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်

အခမ်းအနားတွင် အလှူရှင်က ကျောင်းဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စာသင်ကျောင်းအတွက် စာရေးကိရိယာများ၊ ထောက်ပံ့ပစ္စည်းများကို အလှူရှင်နှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ကုန်ကျ

အဆိုပါ ကျောင်းဆောင်သစ်မှာ လေဘေးသင့်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ကျောင်းဆောင်ဖြစ်ပြီး ပေ ၁၁၀× ပေ၃၀ အုတ်ညှပ် တစ်ထပ်အဆောက်အအုံဖြစ်၍ ကျောင်းသုံး ပရိဘောဂအပါအဝင် ကျပ်သိန်းပေါင်း ၃၃၀ကုန်ကျခဲ့ကြောင်း သိရသည်။ **(၁၃၈)**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် တရားရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက်က အဆိုပါရုံး၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ပြည်မြို့၌ ပြန်/ဆက် ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ပြည် ဖေဖော်ဝါရီ ၁၀

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းပြောကြားသော ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀နာရီက ပဲခူးတိုင်း(အနောက်ပိုင်းရုံး) ၌ ကျင်းပရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ဝန်ကြီး၏ ညွှန်ကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားသည်။

ဆွေးနွေးညှိနှိုင်း

အခမ်းအနားသို့ပြည်ခရိုင်နှင့်သာယာဝတီခရိုင်မှခရိုင်ဦးစီးအရာရှိများ၊ဒုတိယဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့် ညီညွတ်ရန် စီမံဆောင်ရွက်မှု၊ စာငှားစနစ်ထားရှိမှု၊ စာဖတ်ပရိသတ်အစဉ်တိုးပွားရန်ဆောင်ရွက်မှုနှင့် တစ်နှစ်တာရည်မှန်းချက် တာဝန်(၁၁)ရပ်ကို အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်မှုများကို ဆွေးနွေးညှိနှိုင်းသည်။

ပေးအပ်

ယင်းနောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက နှစ်ပတ်လည်အခမ်းအနားတွင် ထူးချွန်ဆုရရှိသော ခရိုင်ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးငါးဦးတို့အား ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းပေးအပ်ပြီး ဝန်ထမ်း ၁၁၄ဦးတို့အား နှစ်ပတ်လည် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး မိတ္ထီလာ၌ ဆောင်ရွက်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၃

မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမင်းစမ်းအေး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ပွင့်လင်းရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရန် ဈေးအတွင်းရှိဆိုင်ခန်းများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ၅ရက်က မီးသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့်ပေးပြီး(အပေါ်ပုံ) **ရပ်ကွက်အသီးသီးရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း ကွင်းဆင်း၍ မီးဖိုသုံးစွဲနည်းနှင့် မီးချိတ်၊ မီးကပ်၊ ရေနှင့် သဲများ စနစ်တကျထားရှိရေးကို ပညာပေးဟောပြောသည်။**

စစ်ဆေးပြုပြင်

မီးငြိမ်းသတ်ရေးအတွက် မီးသတ်ရေကန်များတွင် ရေအသင့်ဖြည့်ဆည်းထားရှိပြီး မီးသတ်ကားများ အလွယ်တကူဝင်ထွက်သွားလာနိုင်ရန် လမ်းများကြိုတင်ရှင်းလင်းချဲ့ထွင်ခြင်း၊ မီးသတ်စက်ယာဉ်များစက်ချွတ်ယွင်းမှုမရှိစေရန် စစ်ဆေးပြုပြင်ပေးခြင်း၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အကြိုအခြေခံမီးသတ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ရပ်ကွက်အသီးသီးရှိ မီးသတ်စက်များ အသင့်ရှိစေရေးအတွက် စစ်ဆေးပြုပြင်ပေးခြင်းများ ဆောင်ရွက်ကြသည်။

သတိပေး

ထို့ပြင် မီးဘေးသတိမူရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကိုလည်း မီးသတ်ယာဉ်ငယ်ဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လှည့်လည်သတိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝ၈၆)**

မြို့နယ်သတင်းများ

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ပညာရေးမိသားစု၏ မြို့နယ်ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က အထက(၁) သဃ်္ဃန်းကျွန်းခန်းမ၌ ကျင်းပရာ သဃ်္ဃန်းကျွန်းမြို့နယ် ပညာရေးမှူး ဦးရှိန်းလိန်းအောင်က ဗဟိုအဆင့် သချာၤအိုလံပစ်ဆုရ အထကသုဝဏ္ဏမှ မောင်မြတ်သီဟကျော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ပုဏ္ဏားကျွန်း၌ဖွင့်

ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၂

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၉ရက် နံနက်၉နာရီက မြို့နယ်ရုံး စာကြည့်တိုက် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးညွန့်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးလှဘော်သူက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ညွှန်ကြားချက် လုပ်ငန်း(၅)ရပ်နှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်ပညာရပ်များကို ရပ်သံ-၃ ဦးထွန်းစိန်ချေနှင့် စာထောက်-၃ ဒေါ်ဦးညွန့်ရီတို့က ဆွေးနွေးပို့ချကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ထုတ်ဝေမည့် မိုးညှင်းမဂ္ဂဇင်းအမှတ်(၅)အတွက် စာမူများအား မြို့နယ်မဂ္ဂဇင်းစာမူရွေးချယ်စိစစ်ရေးကော်မတီဝင်များ ဖေဖော်ဝါရီ၂ရက်က ညှိနှိုင်းဆွေးနွေးစဉ်။ (၀၀၂)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ကျောက်ဆည်တွင်ဆွေးနွေး

ကျောက်ဆည် ဖေဖော်ဝါရီ ၁၀

ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ၇ရက် နံနက်၉နာရီက ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်ဥက္ကဋ္ဌဦးစိုးဝင်းက တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမောင်မောင်က လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ကျောက်ဆည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က စာဖတ်ဝိုင်းများပြုလုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကံမမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အပေါ့စားမီးသတ်စက်ငယ်များ ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ဈေးအဝင်အထွက်လမ်းများ ရှင်းလင်းထားရှိမှုတို့ကို ဒီဇင်ဘာ၁၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း အင် တာ နက် ကျန်း မာ ရေး

ရုပ်မြင်သံကြားကို အချိန်ကြာမြင့်စွာကြည့်ရှုလေ့ရှိသူများ အသက်အရွယ်ရလာသည့်အခါ စိတ်ကျရောဂါခံစားရနိုင်

ရုပ်မြင်သံကြားကို အချိန်ကြာမြင့်စွာကြည့်ရှုလေ့ရှိသည့် ကလေးငယ်များသည် အသက်အရွယ်ရလာသည့်အခါ စိတ်ကျရောဂါခံစားရမှု အခွင့်အလမ်းပိုမိုများပြားကြောင်း အမေရိကန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ခံစားရနိုင်

တစ်နေ့လျှင် ရုပ်မြင်သံကြားအစီအစဉ်များကို ကိုးနာရီမျှ ကြည့်လေ့ရှိသူများသည် အသက် ၃၅နှစ်အရွယ်ခန့်မှစတင်ကာ စိတ်ကျရောဂါ စတင်ခံစားရနိုင်ကြောင်း သတိပေးထားသည်။

အကျုံးဝင်

သို့သော် ရုပ်မြင်သံကြားကြည့်ရှုချိန်ဟုဆိုသော်လည်း ကွန်ပျူတာနှင့် အင်တာနက် ဖန်သားပြင်များကို ကြည့်ရှုသည့်အချိန်များလည်း ပါဝင်ကြောင်း၊ ကွန်ပျူတာဂိမ်းများကို အချိန်ကြာမြင့်စွာ ကစားခြင်းသည်လည်း အကျုံးဝင်ကြောင်းသိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❑

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကောက်ရိုးမှဓာတ်အားထုတ်ယူနိုင်မည်

ဘာသာပြန်သတင်းမှတ်စု
မိုးမြင့်လင်းလက်

စာမျက်နှာဖွဲ့စည်းမှု
သန်းအေး(မြန်မာ့အလင်း)

လေ၊ နေ၊ ရေတို့မှ လျှပ်စစ်စွမ်းအင်ကို ရနိုင်သမျှနည်းလမ်းတို့ဖြင့် ရှာဖွေသုတေသနပြုထုတ်လုပ်နေချိန်တွင် ကောက်ရိုးမှ ဓာတ်အားထုတ်ယူနိုင်ရေးအတွက် သုတေသနပညာရှင်များက တီထွင်ကြံဆ ကြိုးစားနေကြပြီ ဖြစ်သည်။

တန်ချိန် သန်း၂၀၀

ကောက်ရိုးများသည် စပါးစိုက်ပျိုးထုတ်လုပ်ရောင်းချသော နိုင်ငံများ၌ နှစ်စဉ်တန်ချိန် သန်း ၂၀၀ခန့်ရှိနေသည်ဖြစ်ရာ ယင်းကောက်ရိုးများကို ပထမဦးစွာ ဇီဝစွမ်းအင်သို့ ပြောင်းလဲပြီး ဂျင်နရေတာများကိုလည်းပတ်စေကာ ဓာတ်အားထုတ်ယူခြင်းပင်ဖြစ်သည်။

အနေအထား

ထိုသို့ကောက်ရိုးမှ ဓာတ်အားထုတ်ယူရာတွင် အားဖြည့်ကုန်ကြမ်းများအဖြစ် အခြားစွန့်ပစ်ကောက်ပဲသီးနှံတို့၏ပင်စည်များကိုလည်း ပေါင်းစပ်အသုံးပြု၍ရကြောင်း၊ ဓာတ်အားထုတ်ယူနိုင်မှုအနေအထား ပြောင်းလဲမှုမရှိကြောင်း သိရသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ❖

ခရမ်းရေထိန်းတံခါး၏ အကျိုးကျေးဇူးကြောင့် သန်လျင်မြို့နယ်တွင်နေ့စပါး၊ ပဲမျိုးစုံနှင့် နေကြာများ အောင်မြင်ဖြစ်ထွန်း

ခရမ်းချောင်းရေထိန်းတံခါး၏ အကျိုးကျေးဇူးကြောင့် သန်လျင်မြို့နယ် ရုံးသပြေကန်ကျေးရွာမှ အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရှေကြာ(၂) နေကြာ စိုက်ခင်းကြီးကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံ-သန်းဝင်း(သန်လျင် ပြန်/ဆက်)

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း
သန်းဝင်း (သန်လျင် ပြန်/ဆက်)

စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသည်။ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်ပေသည်။

ဖြစ်ထွန်းအောင်မြင်

နိုင်ငံတော်အစိုးရက စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုကာကွယ်နိုင်ရေးအတွက် ဆည်တမံ၊ ရေထိန်းတံခါးပေါင်း ၂၀၀နှင့် မြစ်ရေတင်စီမံကိန်းများကို နိုင်ငံတစ်ဝန်း၌ *စာမျက်နှာ ၈ ကော်လံ ၁* ✻

16-2 (20).pmd 1 2/15/2009, 11:47 PM